## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဍ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဍ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆၉)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကိုအသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများအလိုက် မည်သည့်ဖိအား တစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏လွတ်လပ်သည့်သဘောထားဆန္ဒများအလျောက်တက်တက်ကြွကြွစည်းကမ်းရှိရှိ

**စာမျက်နှာ ၁၆ ကော်လံ ၅ ✯**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်း၊ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ (ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်)

# ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲအောင်မြင်စွာကျင်းပ

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသည့် နိုင်ငံဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံတိုင်းတွင် လွတ်လပ်၍တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပကြရသည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကာလဆိုင်ရာလုပ်ငန်းများပြီးမြောက်ပြီဖြစ်၍ ရွေးကောက်ပွဲကျင်းပကာ ပြည်သူ့ဆန္ဒနှင့်အညီ ပေါ်ပေါက်လာမည့် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်လာရေးကိုကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များကို စနစ်တကျဆောင်ရွက်နိုင်ရန် အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပခြင်းဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပခဲ့ပြီး ယခုအခါ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အောင်မြင်စွာကျင်းပခဲ့သည်။ ကျင်းပပြီးစီးခဲ့သောအပိုင်းနှစ်ပိုင်းလုံးတွင် ပြည်သူများတက်ကြွစွာ လာရောက်မဲပေးလျက်ရှိသည့် မြင်ကွင်းများကို သတင်းမီဒီယာများတွင် ဖော်ပြထားပြီးဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်သည် ပြည်သူများလိုလားတောင့်တနေသည့်စနစ်ဖြစ်သည်။ အဆိုပါစနစ်ဖြစ်ပေါ်လာစေရေးအတွက် အခင်းအကျင်းအားလုံး လိုအပ်ချက်မရှိအောင် တပ်မတော်ကကြိုတင်ပြင်ဆင်ခဲ့သည်။

တပ်မတော်ကဦးဆောင်ကျင်းပသည့် ရွေးကောက်ပွဲမှန်သမျှသည် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများသာဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပါဝင်ဆန္ဒမဲပေးခဲ့သည်။ ဆန္ဒမဲပေးချိန်တွင် ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများ၏မေးမြန်းချက်နှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရာတွင် **"ကျွန်တော်တို့က လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့အာမခံထားတယ်။ တပ်မတော်ကလုပ်တာနာမည်ပျက်မခံဘူး"**ဟူ၍ ပြတ်ပြတ်သားသားဖြေကြားခဲ့သည်။ ထိုသို့ဖြေကြားခဲ့သည့်အတိုင်းလည်း လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်ခဲ့သည်ကို နိုင်ငံတကာလေ့လာစောင့်ကြည့်သူများ၏ ရင်တွင်းစကားသံများတွင်ကြားသိကြပြီးဖြစ်သည်။

တပ်မတော်သည် ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်ဦးထိပ်ထားသည့်အလျောက် ပြည်သူလူထု၏လိုအင်ဆန္ဒကို ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ရေးရပြီးကာလ တပ်မတော်ကဦးဆောင်ကျင်းပပေးခဲ့သည့် ရွေးကောက်ပွဲများ၏အခြေအနေကို ပြန်ပြောင်းလေ့လာကြည့်လျှင်လည်း တပ်မတော်သည် ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ခဲ့ကြောင်း သိရှိနိုင်သည်။ ယခုကျင်းပခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)နှင့် အပိုင်း(၂)တို့တွင် တက်ကြွစွာလာရောက်ဆန္ဒမဲပေးသောပြည်သူများကို တွေ့ရခြင်းအားဖြင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုအပြည့်အဝရှိကြောင်း သိသာထင်ရှားသည်။

ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသောအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှအခွင့်အရေးများဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့်ခြိမ်းခြောက်မှုများမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင်ဆောင်ရွက်ရေးတို့ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ယခုကျင်းပပြီးစီးခဲ့သောရွေးကောက်ပွဲအပိုင်းနှစ်ပိုင်းလုံးမှာ နိုင်ငံတော်နှင့် ပြည်သူများအတွက် ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲများအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်းနှင့် ကျင်းပရန်ကျန်ရှိသည့် ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ပါဝင်မှုနှင့် စွမ်းရည်များမြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကို (၁၃-၁-၂၀၂၆)ရက်မှ (၁၅-၁-၂၀၂၆)ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် နံနက် ၈:၄၅ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV-News၊ MRTV-NRC၊ MRTV-Sports၊ MRTV Entertainment Channel များနှင့် mitv တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များမှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App၊ Radio App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

မြဝတီ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၀၉:၀၀ | Soft Skill |
| ၅။ | ၁၀:၀၀ | မွေးမြူသုတ |
| ၆။ | ၁၁:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၈။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၄:၀၀ | Myanmar Traditional Food |
| ၁၀။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၁၂။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၃။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၁၄။ | ၁၈:၃၀ | **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၁၅။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၁၇)** |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၄ ဒီဂရီဖာရင်ဟိုက်မှ ၅၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**


နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၁၉ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၈ မီလီမီတာမှ ၃၆ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၇ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/ဇလ)




## မုံရွာမြို့နယ်၌ မိုးစပါး ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

မုံရွာ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၄၀၀၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှစတင်၍ ရိတ်သိမ်းကြရာ ဇန်နဝါရီလ ၁၁ ရက်အထိ ဧက ၂၂၃၀ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၈ ဒသမ ၁၇ တင်း ထွက်ရှိကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန်က မုံရွာမြို့နယ်မှာ မိုးစပါး ဧက ၄၀၀၈ ဧကအထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မိုးစပါးခင်းတွေကို အခုလက်ရှိမှာရိတ်သိမ်းနေပါတယ်။ ဒီနေ့အထိဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

မုံရွာမြို့နယ်၌ မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသိပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၉)

### (၁၁-၁-၂၀၂၆) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့အောင်ပွဲ

❉ ဆောင်းဟေမန် အန်တု
အမှောင်ထု ဂရုမမူ
တို့ပြည်သူ ရုံးစုလို့
အုန်းအုန်းထု စုံစုံညီ
မဲရုံသို့ချီ။

❉ လမ်းလျှောက်လို့လာ
ဆိုင်ကယ်တွေစီး
လှေသမ္ဗန် ကားအဖုံဖုံနဲ့
မြင်ရသူ ဘဝင်ခိုက်ကာ
လိုက်ပါဆင်နွှဲ။

❉ မဲရုံတစ်ခွင်မှာဖြင့်
လာသူလာ သွားသူသွား
ကျောင်းသား ကျောင်းသူ
တောင်သူနဲ့ လုပ်သား
ပွဲစားကုန်သည် အိမ်သူတွေလည်းပါသဟေ့။

❉ ပြည်သူ့ရင်ထဲ အခဲသားဝင်လိုက်ရ
အပြုံးကိုယ်စီ စိတ်ရင်းမှန်စေတနာသီလို့
တို့တိုင်းပြည်ရှေ့အရေး အေးစေရန် သန္နိဋ္ဌာန်နဲ့
နိုင်ငံသားပြည်သူများရဲ့ ဆန္ဒပေးပွဲ။
တို့နိုင်ငံ တို့ပြည်သူရဲ့
ပြည်သူ့အောင်ပွဲ။ ။

**ကိုကိုလွင်(ရန်ကင်း)**

### MWD Education,Knowledge & Sports Channel

၁၂-၁-၂၀၂၆(တနင်္လာနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade -6 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၀:၀၀ - ၁၁:၀၀ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ(သမိုင်းဘာသာရပ်)
၃။ ၁၅:၃၀ - ၁၇:၂၀ Grade -6 အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)
၄။ ၁၇:၂၀ - ၁၉:၁၅ Grade -6 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ
၅။ ၁၉:၁၅ - ၁၉:၂၈ Grade -3 မြန်မာစာ၊ သိပ္ပံ

### MWD Variety Channel

၁၂-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၄၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |
| ၃။ | ၁၂:၅၀ | Knowledge Note |
| ၄။ | ၁၄:၃၅ | သတိမမူ ဂူမမြင် |
| ၅။ | ၁၅:၂၀ | ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (မြန်မာစာဘာသာရပ်) |

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'သက်သက်နဲ့မတွေ့ရတာတောင် နှစ်လလောက်ရှိပြီတဲ့၊ နေကောင်းရဲ့လားတဲ့ မေးလိုက်သေးတယ် ယောက်မလေးရေ'

ရိုစီသည် ရယ်မောပြောဆိုရင်း ရေပုံးနှင့်ရေခွက်ကို တဂျောင်ဂျောင်တဂျင်ဂျင်မြည်အောင် ဆွဲကိုင်ကာ အခန်းထဲမှထွက်သွားသည်။

သက်သက်သည် ပြုံးယောင်ယောင်မျက်နှာထားလေးနှင့် ခပ်ငေးငေးလေးကျန်ခဲ့သည်။ ဒီတစ်ခေါက် အိမ်ပြန်လျှင် ကိုကို့ကို အဆောင်လိပ်စာပေးခဲ့မည်။ လာလည်ပါဟုပြောခဲ့မည်ဟု စဉ်းစားရင်း ရင်ထဲတွင် ပူနွေးလာလေသည်။

'သက်ကြီးရေ အုန်းဆီပုလင်းထားခဲ့ပြီနော်'

'အေး အေး ထားခဲ့ ဦးစိတ်တိုရေ'

နော်အေးမြ ပြန်သွားသော်လည်း သက်သက် စာဆက်၍မကျက်ဖြစ်တော့ချေ။ ခေါင်းအုံးအောက်မှ နေ့စဉ်မှတ်တမ်းစာအုပ်လေးကိုဆွဲထုတ်ကာ ပြန်လည်ဖတ်နေမိသည်။

'ဟေး သင်္ကြန်ကျတော့မယ်ဟေ့၊ နှစ်သစ်နဲ့ သင်္ကြန်ကျပလေ အပြစ်ဖြစ်မယ့် အတွင်းရန်ဘယတွေ၊ သွေကြောင်းနဲ့ရေလောင်းကာထွေထွေ တောင်းဆုခြွေ'

ရေချိုးခန်းထဲမှာဟစ်ဆိုလိုက်သော သီချင်းသံကို ကြားရသည်။ သီချင်းသံကြားသောအခါမှပင် သတိရတော့သည်။ သင်္ကြန်ကျဖို့ နီးလှပေပြီ။ သင်္ကြန်ရက်တစ်ရက်ရက်တော့ အိမ်ပြန်ခွင့်ရပါစေဟု တွေးနေမိရင်း ဖောင်တိန်အဖုံးလေးကို ဆွဲဖွင့်လိုက်သည်။

၅-၄-၆၈

ဒီနေ့ထူးထူးခြားခြားအခက်အခဲမရှိ အဆင်ပြေသည်။ ခုတင်နံပါတ် ၃ မှ ဒေါ်မြင့်နေကောင်း၍ ဆင်းသွားပြီ။ နံပါတ် ၈ မှ လူနာကမူ အလွန်အင်မ်းသန်သည်။ အမည်မေးသည်။ မပြောခဲ့။ လူနာပေါ် စိတ်မတိုမိအောင် သတိထားရသည်။

ရိုစီက ပြောသည်။ ကိုကိုနှင့်တွေ့ခဲ့သည်တဲ့။

ကိုကိုက ငါ့ဝါဒ်ကိုတော့ လာမလည်ဘူး။

■ ■ ■ ■ ■

'နိုင်လား ကိုကို နိုင်လား'

အမာညိုက အိမ်ဝမှ ဆီးမေးသည်။ ဒီနေ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်ဘောလုံးပွဲ ဆီမီးဖိုင်နယ်တက်ရသည်။ မနှစ်တုန်းက စက်မှုတက္ကသိုလ် ဗိုလ်ဆုရထားသဖြင့် အမာညိုတို့ အလွန်စိတ်အားထက်သန်နေသည်။ ဘောလုံးပွဲကြည့်ချင်လှသည်မှာ တစ်ပိုင်းသေနေသော်လည်း မေမေကမူ မကြည့်ရဟုတားထားသည်။ ထို့ကြောင့် ကိုကိုနှင့်ညီလင်းသာ သွားပြီး ကြည့်ကြလေသည်။

'ရှုံးတယ်' 'ဟယ်'

ကျော်ထွန်းညို၏မျက်နှာသည် ညို့မှိုင်းနေသည်။ တိုတိုပြတ်ပြတ်ဖြေကာ အခန်းထဲ တန်းဝင်သွားလေသည်။

'သရေပွဲဖြစ်နေလို့ ခေါင်းပန်းလှန်ရတာ မမရဲ့ အဲဒီမှာရှုံးတာ' 'ဟယ် နာလိုက်တာ'

အမာညိုက စိတ်ပျက်လက်ပျက်လေးညည်းလိုက်မိသည်။ ဒီနှစ်အတွက်တော့ စက်မှုတက္ကသိုလ်ချမ်ပီယံဆုနှင့်ဝေးရှာလေပြီ။

'မမတို့ကျောင်းက တစ်ယောက် နံရိုးကျိုးသွားတယ်'

ညီလင်းက အမာညို့နားကပ်ပြီး ခပ်တိုးတိုးပြောလေသည်။ ထို့နောက် အခန်းထဲသို့ မေးငေါ့ပြကာ မျက်လုံးလေးပြူးပြသည်။

'ဘောလုံးပွဲက လူချလိုက်ကြတာ ရန်ဖြစ်တော့မလားတောင် ထင်ရတယ်၊ တဝုန်းဝုန်းနဲ့ ပရိသတ်ကလည်း တစ်ဖက်နဲ့တစ်ဖက် စောင်ကုန်ရော၊ ကိုကိုလည်း ဒေါတွေပွနေတယ်ဗျ'

'ဟောတော့၊ ကိုကိုရေ ဟေ့ ကိုကိုရဲ့ ဘယ်သူနံရိုးကျိုးသွားတာလဲဟင်'

အမာညိုသည် သူ့ရင်ဘတ်ကို လက်ကလေးနှင့်ဖိထားပြီး လူပျိုခန်းထဲ အပြေးဝင်သွားသည်။ ကျော်ထွန်းညိုသည် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ်နှင့် မှောက်လျက်ကြီးအိပ်နေသည်။ အမာညိုက သူ့လက်မောင်းကို ကိုင်လှုပ်ကာမေးသည်။

'ကက်နက်' 'ဟာ ဘယ်နှချောင်းကျိုးသွားလဲ'

'ဘယ်သိမလဲဟ'

ကျော်ထွန်းညိုက နံရံကို ခြေနှင့်ဝုန်းခနဲဆောင့်ကန်ကာ အော်၍ဖြေသည်။ အမာညို ရုတ်တရက်လန့်သွားပြီး ကြမ်းပေါ်တွင် ငုတ်တုတ်လေးထိုင်ချလိုက်မိသည်။

'ဂိုးသမားက သိန်းမောင်ဟ၊ ဒီကောင်ကြီး အချခံရပြီးမှောက်သွားတော့ ထွန်းထွန်းဝင်တယ်၊ မျက်မှန်မပါတော့ ဘောလုံးမမြင်ရဘူး၊ တစမ်းစမ်းဖြစ်နေတယ်၊ နောက် ကက်နက်အချခံရပြီး မှောက်သွားပြန်ရော၊ တောက် ဒါတောင်သရေပွဲမို့ မျှောက်ပန်းလှန်ရတာ၊ ဒီတော့မှ ရှုံးတာဟ ရှုံးတာ'

ကျော်ထွန်းညိုက နံရံကိုသာ တဝုန်းဝုန်းဆောင့်ကန်ရင်း ကြိတ်မနိုင်ခဲမရပြောသည်။

'ဟေး ဟေး ဘာဖြစ်နေတာလဲ'

ဖေဖေက အခန်းထဲသို့ဝင်လာရင်း စိုးရိမ်တကြီးမေးသည်။ အမာညိုတို့အိမ်သည် သစ်သားအိမ်မို့ နံရံတစ်ချပ်ကိုကန်လိုက်လျှင် တစ်အိမ်လုံး လှုပ်သွားတတ်သည်။

'ဘောလုံးပွဲရှုံးလာလို့ ဖေဖေ'

'ဟ ဒါစိတ်ဆိုးစရာလား၊ ကျော်ထွန်းညို မင်းနှယ်ကွာ အားကစားစိတ်ဓာတ်မရှိလိုက်တာ'

ဖေဖေကပြောသောအခါ ကျော်ထွန်းညိုသည် အိပ်နေရာမှလူးလဲထထိုင်သည်။ ခုတင်ခေါင်းရင်းတွင် လွှားတင်ထားသောမျက်နှာသုတ်ပဝါကို လှမ်းဆွဲပြီး မျက်နှာသုတ်လိုက်သည်။ သူ့မျက်နှာသည်နီနေပြီး နှုတ်ခမ်းများတုန်နေသည်။ ရန်လိုလှသဖြင့် 'ငပွကြီး' ဘွဲ့ပင်ရရှိခဲ့သူမို့ ရန်မဖြစ်ခဲ့သည်မှာပဲ တော်လှပြီဟု ဖေဖေက တွေးလိုက်မိလေသည်။

'ရာဇူးက လူချတယ် ဖေဖေ'

'သားတို့ဘက်ကရော မချဘူးလား'

'ဒါပေမဲ့ သူတို့ဘက်က နံရိုးမကျိုးဘူး ဖေဖေရဲ့၊ သားတို့ဘက်က နံရိုးကျိုးသွားတယ်'

'တော်စမ်းပါကွယ်၊ အားကစားကို အားကစားပီပီ မကစားဘဲ နိုင်ချင်ဇောနဲ့ကစားတာ မကောင်းပါဘူး၊ ဒီ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို အစိုးရလုပ်ပေးတဲ့ရည်ရွယ်ချက်က သားတို့ကို ရန်ဖြစ်စေချင်လို့မှ မဟုတ်တာ၊ ခုတော့ ဖေဖေ ကြားနေရသမျှတော့ ရန်ချည်းဖြစ်နေတာပဲ၊ တစ်ဖက်နဲ့တစ်ဖက် မခံချင်အောင် စကြပြောင်ကြနဲ့ ဟိုတစ်နေ့ကလည်း ပညာရေးတက္ကသိုလ်နဲ့ ရန်ဖြစ်တယ်တဲ့၊ အခုတစ်ခါ ရာဇူးနဲ့ဖြစ်တယ်၊ အားကစားစိတ်ဓာတ်ဖွံ့ဖြိုးစေချင်လို့ လုပ်ပေးခါမှ ကျောင်းစိတ် ကျောင်းမာန်၊ ကျောင်းစွဲကြီးပြီး ထစ်ခနဲရှိ ချမယ်၊ ရိုက်မယ်၊ ဆဲမယ်လုပ်နေကြတာ ဘယ်ကောင်းမလဲ'

ဖေဖေက ကျော်ထွန်းညို၏ဘေးတွင်ဝင်ထိုင်ရင်း သာယာညင်းပျောင်းပြောသည်။ ဖေဖေမည်မျှပြောပြော ကျော်ထွန်းညို၏စူအောင့်အောင့်မျက်နှာကြီးက ပြေကျမသွားပေ။ အမာညိုကလည်း ကြမ်းပေါ်တွင်လုံးထွေးကျနေသော ကျော်ထွန်းညို၏အတွင်းခံစွပ်ကျယ်၏ကျောဘက်မှ ကျောင်းတံဆိပ်လေးကို စိုက်ကြည့်ရင်း မျက်ရည်ဝဲနေသည်။ ကိုယ့်ကျောင်းကကျောင်းသား နံရိုးကျိုးရသည်ကိုတော့ အားကစားစိတ်ဓာတ်နှင့်ခွင့်မလွှတ်နိုင်ပါဟု ဖေဖေ့ကို နှုတ်လှန်ထိုးချင်သေးသည်။ သို့သော်လည်း မပြောရဲသောကြောင့် ငြိမ်နေရလေသည်။

'ညီလင်း တက္ကသိုလ်မရောက်သေးလို့ တော်သေးတယ်၊ ညီလင်းသာ ရာဇူးတက်နေတဲ့သူဆိုရင် ဘောလုံးပွဲအပြီးမှာ မောင်နှမချင်းရန်ပွဲဆက်ကြဦးမှာ မြင်ယောင်သေးတယ်'

အခန်းဝတွင် လာရောက်နားထောင်နေသော မေမေက ဝင်ပြောသည်။ မေမေ့နောက်ဘက်တွင် ညီလင်းက ပြုံးကျဲကျဲလေးရပ်နေသည်။ စူစူပုပ်ပုပ်ဖြစ်နေကြသော အစ်ကိုနှင့်အစ်မကို မခံချင်အောင် လျှာထုတ်ပြလိုက်လေသည်။

'ဒီလိုသာ ရန်ပွဲတွေဖြစ်နေရင် ဒီအားကစားပွဲတွေကို အစိုးရက ခွင့်ပြုတော့မှာမဟုတ်ဘူး'

ဖေဖေက မေမေ့ကိုလှမ်းပြောရင်း နေရာမှထသည်။ အော်ခဲ့၊ ဟစ်ခဲ့၊ လက်သီးလက်မောင်းတန်းခဲ့သဖြင့် တစ်ကိုယ်လုံးချွေးများနှင့်နစ်ကာ ချဉ်စော်နံနေသော ကျော်ထွန်းညိုသည် ငိုင်ငိုင်ကြီးထိုင်နေသည်။ ဖေဖေက သူ့ပခုံးကို သာသာပုတ်လိုက်သောအခါ ခေါင်းမဖော်ဘဲ မျက်လုံးကိုသာလှန်ကြည့်သည်။ ဖေဖေက ပြုံးရယ်ရင်း သူ့ဆံပင်များကိုဆွဲဖွကာပြောသည်။

'ငါ့သား ငပွကြီးကို ရန်မဖြစ်ခဲ့တာပဲ ချီးကျူးရမှာပေါ့ကွာ၊ ဟုတ်လား ငပွ၊ ကဲကဲ ထ၊ ရေသွားချိုး'

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**




# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၀ ရက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၁) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ အတွင်းပဒံကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဗုဒ္ဓပူဇနိယသီချင်းဖြင့် စတင်ဖွင့်လှစ်ကာ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရခြင်းအတွက် ဂုဏ်ပြုစကားပြောကြားပြီး အတွင်းပဒံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက မုဒိတာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုများကို အသီးသီးချီးမြှင့်ပေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**



# ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်ဒေသခံပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တွေ့ဆုံ




မြစ်ကြီးနား ဇန်နဝါရီ ၁၁

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၌ မြစ်ကြီးနားမြို့ရှိခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ သိက္ခာတော်ရဆရာတော်များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယုံကြည်ကိုးကွယ်သည့် ဘာသာတရားပေါ်တွင်အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကိုကိုယ်စီလက်ကိုင်ထားပြီး တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန်၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းစွာအတူ လျှောက်လှမ်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘာသာရေးခေါင်းဆောင်ဆရာတော်များအနေဖြင့် စွမ်းနိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့ရုံးမေခခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ပြည်နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များကိုပေါင်းစပ်ပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဦးတည်ချက် (၄) ရပ်တွင် ပထမအချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ရွေးကောက်ပွဲအတွက် ဒီဇင်ဘာလ ၂၈ ရက်က ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂)ကို ယနေ့ကျင်းပပြီး ရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲပြုလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့်ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရသစ်ဖြင့် နိုင်ငံတော်တာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြစ်သည့် ( One Region One Product) ကုန်ထုတ်လုပ်ငန်းများတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်သောအရင်းအနှီး၊ နည်းပညာများကို ဖြည့်စွက်ပံ့ပိုးပေးရန် လိုအပ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှကုန်ချောအထိ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြကြောင်း။

ရေအားလျှပ်စစ်သည် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြစ်ဆုံစီမံကိန်းအောင်မြင်ပါက ကချင်ပြည်နယ်နှင့် နိုင်ငံတော်၏ အကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအားပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများ ရရှိပြီး နောင်လာနောက်သားများအကျိုးများစွာခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒ ပညာရှင် ဒေါက်တာအေးလွင်က ရေလှောင်တမံ တည်ဆောက်မှုနှင့်ပတ်သက်၍ ငလျင်ဒဏ်ခံနိုင်မှုအတွက် အဓိကထားတွက်ချက်ဆောင်ရွက်မှု အခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မှု၊ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များကြောင့် ဧရာဝတီမြစ်ရေပုံမှန်အတိုင်း ဆက်လက်စီးဆင်းနိုင်မှု၊ မြစ်ကြောင်းတစ်လျှောက် ရေယာဉ်များပုံမှန်ခုတ်မောင်းသွားလာနိုင်မှု၊ ပြည်နယ်အတွင်းနှင့် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု၊ ဒေသခံပြည်သူလူထု စိုးရိမ်မှုမရှိစေရေး နည်းပညာပိုင်းဆိုင်ရာ အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဒေသခံပြည်သူများအား အသေးစိတ်ရှင်းလင်းသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်း၍ သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ယမန်နေ့က ပြည်နယ်တရားလွှတ်တော်အဆောက်အအုံ အလျား ၂၀၆ ပေ၊ အနံ ၁၅၃ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကြည်ချောင်း ရေထိန်းတံခါး အကျယ် ၈ ပေ၊ အမြင့် ၈ ပေရှိ သံကူကွန်ကရစ် ရေထုတ်ရေထိန်းတံခါးခုနစ်ပေါက် တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်စပ်လျဉ်း၍ ပြည်နယ်အတွင်းရှိ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တွေ့ဆုံ




မြစ်ကြီးနား ဇန်နဝါရီ ၁၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှုဆိုင်ရာအခြေအနေများနှင့်စပ်လျဉ်း၍တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ လျှပ်စစ်ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ထုတ်လုပ်ရရှိအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများကိုလည်း ပြည်သူများထံသို့ ပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးတက်ကောင်းမွန်အောင် ဟန်ချက်ညီညီ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝန်ထမ်းများအနေဖြင့်လည်း ဓာတ်အားပြည့်ပြည့်ဝဝဖြန့်ဖြူးပေးနိုင်ရေးကို အလေးထားဆောင်ရွက်ရေး၊ မီတာများ ခွင့်ပြုမိန့်ချထားရာတွင်လည်း ဌာနမှသတ်မှတ်ထားသောနှုန်းထားအတိုင်းသာ ကောက်ခံသွားရေး၊ အထူးသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှုလျှော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ဓာတ်အားခကြွေးကျန်လျှော့နည်းစေရေးနှင့် နယ်မြေအခြေအနေအရ ယာယီတိမ်းရှောင်ဝန်ထမ်းများ တွဲဖက်တာဝန်ချပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လက်ဆောင်ပစ္စည်းများနှင့် ဆန်အိတ်များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို မြို့နယ်ပေါင်း (၁၀၀)မြို့နယ်၌ ကျင်းပပြုလုပ်



မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ ယာယီသံရုံးတာဝန်ခံ ဇဟန်းမြို့နယ်မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုကြည့်ရှုစဉ်။



ကမ္ဘောဒီးယားသံအမတ်ကြီး ဇဟန်းမြို့နယ်မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုကြည့်ရှုစဉ်။



လာအိုနိုင်ငံ (ရန်ကုန်အခြေစိုက်) သံရုံးမှ သံအမတ်ကြီး ကဝမြို့နယ်မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုကြည့်ရှုစဉ်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုကြည့်ရှုစဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုစဉ်။



အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၌ ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများကို တွေ့ရစဉ်။



မိုင်းရယ်မြို့နယ်၌ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ ဆန္ဒမဲပေး နေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း (၁၀၀) မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့တွင် ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် မချမ်းဘော့မြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်၊ ကရင်ပြည်နယ်တွင် ဖာပွန်မြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကျွန်းလှမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ရေဦးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင်ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ဂန့်ဂေါမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ ငဖဲမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ အမရပူရမြို့နယ်နှင့် မတ္တရာမြို့နယ်၊ မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဗဟန်းမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ကိုကိုးကျွန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ကလောမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပန်မြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် လဲချားမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်၊ စုစုပေါင်းမြို့နယ်ပေါင်း (၁၀၀) မြို့နယ်၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ဆန္ဒမဲပေးခြင်းများကိုဆောင်ရွက်ကြသည်။

ထိုသို့ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌

**စာမျက်နှာ ၇ သို့ ➲**



ဒိုက်ဦးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



အမရပူရမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ကျွန်းစုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ကျောက်ပန်းတောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



မိုင်းပျဉ်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ဝိုင်းမော်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ကိုကိုးကျွန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ဆီဆိုင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

➲ **စာမျက်နှာ ၆ မှအဆက်**


စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့်မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပမှုနှင့် ပတ်သက်၍ မဲရုံအသီးသီးတွင်လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်။

"မဲပေးရတဲ့အတွေ့အကြုံကတော့ အစောကြီးထပြီး မဲပေးဖို့ကို ပြင်ဆင်နေတာပါ။ ၂၀၂၀ ပြည့်နှစ်တုန်းကတော့ ကျွန်မက နယ်ဘက်မှာ မဲပေးခဲ့ရတာပါ။ အဲ့ဒီအချိန်တုန်းက ကိုယ့်နာမည်ကို ရှာမတွေ့တာတို့၊ နာမည်ကလွဲနေတာတို့ အခက်အခဲလေးတွေ တော်တော်လေးရှိခဲ့ရပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာခြစ်ပြီး မဲပေးရတာဆိုတော့ မှားသွားမှာကိုကြောက်ပါတယ်။ မဲပေးရတဲ့အကွက်ထဲကနေများ ထွက်သွားမလား။ ပယ်မဲများဖြစ်သွားမလားဆိုပြီး ရင်တုန်ရပါတယ်။ အခုကျတော့ ခလုတ်ကလေးပဲ နှိပ်ရတာဆိုတော့ ကိုယ်ပေးချင်တဲ့ ပါတီကိုရှာလိုက်ပြီး မီးခလုတ်လေး စိမ်းပြီဆိုရင် ခလုတ်လေးကိုနှိပ်လိုက်တာနဲ့ ဟိုဘက်မှာ စာရွက်လေးက ထွက်လာတယ်။ ကိုယ်ပေးတဲ့ပါတီ၊ အဖွဲ့အစည်းက မှန်ရဲ့လားဆိုတာကို တစ်ခါပြန်ပြီး စစ်လို့ရတယ်။ မှန်ပြီဆိုမှ စာရွက်လေးကကျသွားတာဆိုတော့ ပယ်မဲလည်းမဖြစ်ဘူးပေါ့။ စိတ်အေးရပါတယ်။ မျှော်လင့်တာတွေကတော့ အများကြီးရှိပါတယ်။ ဒီရွေးကောက်ပွဲကနေပြီးတော့



ကျွန်မတို့အနေနဲ့ ပထမဦးဆုံး ကလေးတွေရဲ့ ပညာရေးပေါ့နော်။ အဓိကကတော့ လုံခြုံရေးပေါ့။ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေးပေါ့။ အဲ့ဒီအတွက်ကို အများကြီး မျှော်လင့်ထားပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးကဏ္ဍတွေလည်း အခုထက်ပိုပြီး ပြည့်စုံအောင်၊ ပိုမိုကောင်းမွန်စေဖို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် နယ်ဘက်တွေဆိုရင် ပညာရေးဆိုလည်း မြို့ပေါ်ကလူတွေနဲ့မမီဘူးပေါ့နော်။ အဲ့ဒါလေးတွေကို တစ်ပြေးညီတိုးတက်လာဖို့ မျှော်လင့်ပါတယ်၊ ဘယ်အဖွဲ့အစည်းပဲ အစိုးရဖွဲ့စည်းနိုင်ပါစေ ဒီအချက်လေးတွေကို လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟုပြောသည်။

"အခုလိုမျိုး မဲပေးစက်နဲ့ မဲပေးရတာက အများကြီးအဆင်ပြေပါတယ်၊ အခုလိုမဲပေးရတဲ့အတွက်လည်း **စာမျက်နှာ ၈ သို့** ➲





မတ္တရာမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ကွန်ဟိန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

ရွှေကျင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေး နေမှုကိုတွေ့ရစဉ်။





ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ရွာငံမြို့နယ်၌ ဆန္ဒမဲပေးခဲ့သည့် မဲဆန္ဒရှင်ပြည်သူများကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရန် စက်လှေဖြင့် လာရောက်နေမှုကို တွေ့ရစဉ်။



ရပ်စောက်မြို့နယ်၌ ဆန္ဒမဲပေးခဲ့သည့် မဲဆန္ဒရှင်ပြည်သူများကို တွေ့ရစဉ်။



ဒီးမော့ဆိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။



ကလောမြို့နယ်၌ ဆန္ဒမဲပေးခဲ့သည့်မဲဆန္ဒရှင်ပြည်သူတစ်ဦးကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

**➲ စာမျက်နှာ ၇ မှအဆက်**

နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်တယ်လို့ ခံစားရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်လို့လည်း အများကြီးတိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်”ဟုပြောသည်။

“အရင်တုန်းကတော့ တစ်ခါမှ မဲမပေးဖူးပါဘူး။ ဒါပထမဆုံး မဲပေးဖူးတာပါ။ စိတ်လှုပ်ရှားပါတယ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ဒေသကိုအကျိုးရှိအောင်လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ မဲရုံမှာကျတော့ လူကြီးရော၊ လူငယ်ရော အများကြီးပဲတွေ့ရပါတယ်။ တက်တက်ကြွကြွနဲ့ မဲပေးကြတာကို တွေ့ရပါတယ်”ဟုပြောသည်။



ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့်ပြည်တွင်းအခြေစိုက်နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့်တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို သွားရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၃)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


(၁၀၀)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုမြင်ကွင်းဓာတ်ပုံများ


စဉ့်ကိုင်
ကျော်စွာ(စဉ့်ကိုင်)


ဆင်ပေါင်ဝဲ
ခန့်ဝင်း(ဆင်ပေါင်ဝဲ)


ကျွန်းစု
ထက်မြင့်(ကျွန်းစု)


ပေါက်ခေါင်း
ဖုန်းကျော်ဇင်(ပြန်/ဆက်)


နတ်မောက်
လှဝင်း



မိုင်းဖြတ်
ရွှေကို (မိုင်းဖြတ်)


မိုင်းခတ်
နန်းနွယ်နီ


မြို့သစ်
ဝင်းအိဇွန်(ပြန်/ဆက်)



ပန်းတောင်း
လပြည့်လင်း(ပြန်/ဆက်)


မောက်မယ်
စိုင်းမျိုးသန့်(မောက်မယ်)


ကိုကိုးကျွန်း
ကြည်လင်း


မိုင်းပန်
မြို့နယ်(ပြန်/ဆက်)


ရေတာရှည်
မြို့နယ်(ပြန်/ဆက်)


ဆီဆိုင်
မြို့နယ်(ပြန်/ဆက်)


ပန်းတနော်
မြို့နယ်(ပြန်/ဆက်)

# "မဲပေးရတဲ့အပေါ်မှာ နိုင်ငံသားတစ်ယောက်အနေနဲ့ အရမ်းကိုဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့မျှော်လင့်ထားတဲ့ အနာဂတ်ကြီးဆီကိုလည်း ရောက်အောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဒေါ်ဇင်မာလတ်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ယနေ့ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှစတင်၍ သတ်မှတ်မဲရုံများတွင် စိတ်အားထက်သန်စွာ ဆန္ဒမဲလာရောက်ပေးကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင်ပါဝင်သည့် ဗဟန်း၊ ဒေါပုံနှင့် ပုဇွန်တောင်မြို့နယ်တို့ရှိ မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များ၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရန် တာဝန်ရှိသူများ၏ ဆောင်ရွက်ထားရှိမှုများကို သတင်းအဖွဲ့က ကောက်နုတ်ဖော်ပြလိုက်ပါသည်-


မောင်အောင်ကောင်းမြတ်


မအိသက်မွန်ဝင်း


မဖြိုးပြည့်ပြည့်အောင်


မောင်ထက်အောင်ကျော်


ဒေါ်စောမိုး


ဦးမျိုးထွေး


ဒေါ်မာမာညို


ဒေါ်မြင့်စန်းရီ


ဒေါ်ဇင်မာလတ်


ဦးညီညီစော

**မောင်အောင်ကောင်းမြတ် (ဒေါပုံမြို့နယ်)**

ကျွန်တော့်အတွက် ပထမဆုံးအကြိမ် မဲပေးရတာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ စာရွက်ပေါ်မှာ အမှန်ခြစ်ရတာမဟုတ်ဘဲ စက်နဲ့မဲပေးရတာ ပိုပြီးသဘောကျပါတယ်။ ကျွန်တော်တို့လူငယ်တွေရဲ့ အနာဂတ်ကို အားကိုးအားထားပြုနိုင်မယ်လို့ ယုံကြည်တဲ့ပါတီကို မဲပေးခဲ့ပါတယ်။ ဘယ်သူ့ရဲ့တိုက်တွန်းမှုမှ မပါဘဲ လွတ်လပ်စွာ မဲပေးရတာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့မဲဟာ စိတ်သန့်တယ်လို့ ပြောရမှာပါ။ ကျွန်တော်တို့နိုင်ငံကို အလင်းရောင်ပေးနိုင်မယ့် ပါတီကိုပဲမဲပေးခဲ့တာပါ။

**မအိသက်မွန်ဝင်း(ဗဟန်းမြို့နယ်)**

ကျွန်မအနေနဲ့ မဲလာပေးတာ ပထမဆုံးအကြိမ်ပါ။ တစ်ခါမှ မပေးဖူးတော့ စိတ်လှုပ်ရှားပါတယ်။ လူငယ်တစ်ဦးအနေနဲ့ နိုင်ငံအတွက် အများကြီးပါဝင်ဆောင်ရွက်ပေးချင်ပါတယ်။ ပြီးတော့ ကိုယ်ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံနဲ့ပြည်သူအတွက် အကောင်းဆုံးကြိုးစားစေချင်တယ်။ ရွေးကောက်ပွဲပြီးလို့ အစိုးရအသစ်ပေါ်လာရင် နိုင်ငံရဲ့ လက်ရှိအနေအထားကနေ ကဏ္ဍအားလုံး တိုးတက်ကောင်းမွန်လာမယ်လို့မျှော်လင့်ပါတယ်။

**မဖြိုးပြည့်ပြည့်အောင် (ပုဇွန်တောင်မြို့နယ်)**

လူငယ်တွေဟာ တစ်ချိန်မှာခေါင်းဆောင်တွေဖြစ်လာမယ့် မျိုးဆက်တွေဖြစ်တဲ့အတွက် လူငယ်တွေဘဝတိုးတက်မြင့်မားအောင် ဖော်ဆောင်ပေးဖို့လိုပါတယ်။ ပညာရေးကဏ္ဍမှာ ပိုပြီးဖြည့်စွမ်းပေးမယ်ဆိုရင် နည်းပညာရှင်လူငယ်များစွာပေါ်ထွန်းလာမှာပါ။ ပညာတတ်လူငယ်မရှိတဲ့နိုင်ငံဟာ အဝန်းအဝိုင်းသာရှိပြီး ပန်းပေါင်းစုံမရှိတဲ့ ဥယျာဉ်ကြီးလိုဖြစ်နေမှာပါ။ ဒီနေ့နည်းပညာခေတ်မှာ ပညာရေးဟာ အရေးပါလာပြီး နိုင်ငံ့အရေးနဲ့ နိုင်ငံရေးကို ခွဲခြားသိမြင်စေတာဟာလည်း ပညာတတ်မြောက်ဖို့လိုတဲ့အတွက် လူငယ်တွေရဲ့ အနာဂတ်ပညာရေး ထွန်းလင်းအောင် ဖော်ဆောင်ပေးနိုင်မယ့်ပါတီကိုပဲ အားပါးတရ မဲပေးခဲ့ပါတယ်။

**မောင်ထက်အောင်ကျော်(ဗဟန်းမြို့နယ်)**

ကျွန်တော်ကတော့ ဆန္ဒမဲကို အခုပထမဆုံးအကြိမ် ပေးတာဖြစ်ပါတယ်။ အရင်ကထက် တိုင်းပြည်ကို စီးပွားရေးကအစ၊ ပညာရေးကအစပေါ့ ကောင်းမွန်လာစေချင်ပါတယ်။ မဲရုံထဲစဝင်တဲ့အခါ မဲစာရင်းနံပါတ်ပြားလေးပြပြီး ခလုတ်လေးနှိပ်လိုက်ရုံပါပဲ။ မဲရုံထဲက ဝန်ထမ်းတွေကလည်း အစစအရာရာ ကူညီဆောင်ရွက်ပေးတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။

**ဒေါ်စောမိုး (ဒေါပုံမြို့နယ်)**

ဒီနေ့မနက် စောစောထပြီး နိုင်ငံသားတစ်ဦးရဲ့အခွင့်အရေး မဆုံးရှုံးအောင် မဲလာထည့်တာပါ။ ဆန္ဒမဲက ပေးကိုပေးရမှာပါ။ မဲပေးရတဲ့အဓိကအကြောင်းကတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ပြီး စိတ်အေးချမ်းချင်တယ်။ ပြီးတော့ တိုင်းပြည်အေးချမ်းစေချင်တယ်။ အဲဒီလို လုပ်ဆောင်နိုင်မယ်လို့ ထင်တဲ့ပါတီကို မဲပေးခဲ့တယ်။ မဲပေးရတာအဆင်ပြေပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့ မဲပေးရတာကို ကြိုက်လည်းကြိုက်တယ်။ ကျေနပ်တယ်။ မဲပေးရွေးချယ်လိုက်တဲ့ ပါတီဟာ တိုင်းပြည်အတွက် အကျိုးရှိတဲ့အရာတွေ လုပ်ဆောင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးမျိုးထွေး (ပုဇွန်တောင်မြို့နယ်)**

နိုင်ငံအတွက် အကျိုးရှိမယ့်ပါတီကိုပဲ မဲပေးခဲ့ပါတယ်။ ကိုယ်မဲပေးလိုက်တဲ့ ပါတီအနေနဲ့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးကဏ္ဍကို အရှိန်အဟုန်နဲ့ စွမ်းဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ နိုင်ငံနဲ့ ပြည်သူ့အကျိုးကိုသယ်ပိုးပြီး နိုင်ငံအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်နိုင်မယ့်ပါတီကို မဲပေးခဲ့ပါတယ်။

**ဒေါ်မာမာညို (မဲရုံအမှတ်(၁) မဲရုံမှူး-ဒေါပုံမြို့နယ်)**

ဒေါပုံမြို့နယ် မဲရုံအမှတ်(၁)မှာ ရွေးကောက်ပွဲအပိုင်း(၂) အတွက် ဆန္ဒမဲပေးမယ့်ပြည်သူ ၁၃၆၁ ဦးရှိပါတယ်။ မနက် ၆ နာရီ မဲရုံဖွင့်တာနဲ့ ပြည်သူတွေမဲပေးကြတာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးထားပါတယ်၊ မဲရုံမှာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစက်ကိုင်ငါးဦး၊ မဲစာရင်းစစ်ဆေးသူခြောက်ဦးနဲ့မဲပေးရာမှာ အဆင်ပြေချောမွေ့အောင် အခြားတာဝန်ရှိသူများနဲ့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူတွေအနေနဲ့ မိမိတို့နိုင်ငံသားအခွင့်အရေးတွေ မဆုံးရှုံးအောင် လာရောက်မဲပေးနိုင်အောင်လည်း နှိုးဆော်ထားပါတယ်။

**ဒေါ်မြင့်စန်းရီ (အမှတ်(၂)မဲရုံမှူး၊ ပုဇွန်တောင်မြို့နယ်)**

ဒီနေ့ ရွေးကောက်ပွဲအပိုင်း(၂)အတွက် ပြည်သူတွေ မနက်ကတည်းက လာရောက်မဲပေးကြပါတယ်။ မနေ့ကလည်း စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုမရှိအောင် စမ်းသပ်ခဲ့ပါတယ်။ အားလုံး အဆင်ပြေပါတယ်။ မဲရုံအမှတ်(၂)မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၂၂၈ ဦးရှိပြီး ညနေ ၄ နာရီအထိ လာရောက်မဲပေးသူပြည်သူတွေကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေပါတယ်။

**ဒေါ်ဇင်မာလတ် (ကိုကိုးကျွန်းမြို့နယ်)**

ကျွန်မက နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်မရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးပြီလို့ ထင်ပါတယ်။ ကျွန်မရွေးချယ်ထားတဲ့ ကျွန်မရင်ထဲကရှိတဲ့ ကိုယ်စားလှယ်လောင်းကိုလည်း မဲပေးခဲ့ပြီးပါပြီ။ ကျွန်မအနေနဲ့ မဲပေးရတဲ့အပေါ်မှာ နိုင်ငံသားတစ်ယောက်အနေနဲ့ အရမ်းကိုဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့မျှော်လင့်ထားတဲ့ အနာဂတ်ကြီးဆီကိုလည်း ရောက်အောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ MEVM မဲပေးစက်နဲ့မဲပေးရတာဟာ လွယ်ကူမြန်ဆန်ပြီး အရမ်းအဆင်ပြေပါတယ်။ ကိုယ်မဲပေးတဲ့ ကိုယ့်ရဲ့ကိုယ်စားလှယ်လောင်းရဲ့နာမည်ကိုတစ်ခါတည်းမြင်တွေ့ရတဲ့အတွက် ဒီမဲပေးစက်ပေါ်မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ ကျွန်မအနေနဲ့ လူငယ်တွေအပေါ်ကို မက်ဆေ့ပေးချင်တာကတော့ ကျွန်မတို့နိုင်ငံသားတွေဟာ ဒီနေ့ဒီရက်က ရွေးချယ်ခွင့်ရတဲ့အချိန် လူငယ်တွေအနေနဲ့လည်း ကိုယ့်ရဲ့ရွေးချယ်ပိုင်ခွင့်၊ ကိုယ့်ရဲ့နိုင်ငံသားတာဝန်ကို မဲရုံမှာ မဲလာရောက်ပေးဖို့အတွက် တိုက်တွန်းနှိုးဆော်ချင်ပါတယ်။ မဲပေးတဲ့အတွေ့အကြုံလည်းရရှိမှာဖြစ်သလို ကိုယ့်နိုင်ငံ ပြုပြင်ပြောင်းလဲဖို့အတွက် ကိုယ့်ရဲ့မဲတစ်မဲဟာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ သိရှိသွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် လာရောက်မဲပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးညီညီစော (ကိုကိုးကျွန်းမြို့နယ်)**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ယနေ့မြို့နယ်များအလိုက်မဲရုံအသီးသီးမှာ ပြည်သူများဆန္ဒမဲပေးကြမှာဖြစ်ပါတယ်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကိုကိုးကျွန်းမြို့နယ်မှာလည်း မဲရုံသုံးရုံဖွင့်လှစ်ပြီး မဲဆန္ဒရှင်ပြည်သူ ၁၅၀၀ ကျော် လာရောက်မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မဲပေးရာမှာ လွယ်ကူစေဖို့အတွက် မဲစလစ်တံကင်ပြားများကိုလည်း အိမ်တိုင်ရာရောက် လိုက်လံဝေငှခဲ့ပြီးဖြစ်ပါတယ်။ အလားတူ မဲဆန္ဒပေးရမယ့်ရက်ကို သိရှိဖို့အတွက် အသံချဲ့စက်နဲ့ အသိပေးနှိုးဆော်ခြင်းများအပြင် မဲရုံကို မဲလာပေးတဲ့အချိန်မှာ လွယ်ကူစေဖို့အတွက် မဲရုံအဝင်ဝမှာ မဲပေးပုံအဆင့်ဆင့် ဗီဒီယိုကလစ်များကိုလည်း တီဗွီဖြင့်ပြသထားပြီး မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်အောင် ကြိုတင်ဆောင်ရွက်ထားရှိပါကြောင်း ပြောလိုပါတယ်။ မဲဆန္ဒရှင်ပြည်သူများက မဲရုံမဖွင့်ခင်ကတည်းက မဲရုံရှေ့မှာ အားတက်သရောနဲ့ ကြိုတင်စောင့်ဆိုင်းနေတာကိုလည်း ကျွန်တော့်အနေနဲ့ တွေ့မြင်ရပါတယ်။ ကိုကိုးကျွန်းမြို့နယ်မှာ မဲဆန္ဒရှင်ပြည်သူ ၁၅၀၀ ကျော်ရှိသည့်အနက် အားလုံးနီးပါး မဲဆန္ဒပေးပြီးကြောင်းလည်း သိရှိရပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၉ ရာခိုင်နှုန်း မဲလာပေးတယ်လို့လည်း သိရှိရပါတယ်။ ။

**အင်တာဗျူး - ငြိမ်းထိုက်၊ ကျော်ကြီးလင်းကြည်လင်း**

**ဓာတ်ပုံ - ဇွဲမာန်၊ သီဟ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



**မေး။ ။ရွေးကောက်ပွဲပထမပိုင်းမှာ ၅၂ ရာခိုင်နှုန်းကျော် မဲပေးခဲ့တယ်လို့ သိရှိရပါတယ်။ မဲပေးရာမှာ ပြည်သူပြည်သားတွေပါဝင်အောင်လို့ ဘယ်လိုလုံခြုံရေးအစီအမံတွေ လုပ်ခဲ့လဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။** ။ အဓိကကတော့ ကျွန်တော်တို့က ရွေးကောက်ပွဲအပိုင်း (၁)မှာ ပြည်သူတွေမဲပေးတာပေါ့နော်။ ပြည်သူတွေ မဲပေးတာကြည့်ရတာ တော်တော်လေးအားရဖွယ်ကောင်းတယ်၊ ကျွန်တော်ပြောခဲ့သလိုပဲ ဒါဟာ အစိုးရရဲ့အောင်ပွဲလည်းမဟုတ်ဘူး။ ပြည်သူ့အောင်ပွဲပေါ့နော်။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေ၊ ငြိမ်းချမ်းမှုကို လိုလားတဲ့ပြည်သူတွေရဲ့ အောင်ပွဲပါ။ အခုအပိုင်း (၂) မှာလည်း ခင်ဗျားတို့ ကျွန်တော်တို့ တွေ့ကြတာပဲ။ အပိုင်း(၂)မှာလည်း ရန်ကုန်မြို့ကို ရောက်နေတဲ့ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ဒီနေ့မဲရုံတွေကို လိုက်ကြည့်တယ်။ ကြည့်တဲ့အခါမှာလည်း တော်တော့်ကို တက်တက်ကြွကြွ မဲပေးနေကြတာကိုမြင်တွေ့ခဲ့ရမှာပဲ။ ဥပမာ – ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်လည်း ပြည်သူတွေနဲ့တွေ့ဆုံပြီး မေးမြန်းခဲ့တယ်။ မေးမြန်းခဲ့တဲ့အခါမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့ မြင်လိမ့်မယ်၊ မဲပေးစက်နဲ့ပတ်သက်ပြီးလည်း မဲပေးတဲ့ပြည်သူတွေကို သူကိုယ်တိုင်မေးတယ်၊ ခင်ဗျားနှိပ်တဲ့ခလုတ်အတိုင်း စက္ကူကထွက်လားဆိုတော့ ထွက်တယ်ပေါ့နော်။ ဒါဟာ ပွင့်လင်းမြင်သာတဲ့ဟာပါပဲဗျ။ နောက်တစ်ခုကတော့ တချို့ဆိုရင် မနက် ၄ နာရီကတည်းကထပြီး မဲပေးကြရတာ။ အပိုင်း (၂) မှာလည်း ညနေမဲစာရင်းတွေပြီးရင်တော့ ထွက်လာမှာပေါ့ဗျာ။ အောင်မြင်မယ်လို့ ယုံကြည်တယ်။ အပိုင်း (၃) မှာလည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းက ၁၉၅၂ ခုနှစ်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲလုပ်ခဲ့တယ်။ အပိုင်းသုံးပိုင်းခွဲပြီးလုပ်တာ ငါးလလောက်ကြာတယ်၊ အပိုင်းတစ်ပိုင်းကိုခုနစ်ရက်လောက်၊ ၁၀ ရက်လောက်ကြာတယ်၊ အဲ့ဒီမှာ မဲပေးခွင့်ရှိတဲ့သူ ရှစ်သန်းမှာ ၁ ဒသမ ၅ သန်းပဲ ပေးတာဆိုတော့ ၂၀ ရာခိုင်နှုန်းလောက်အထိ ရောက်သွားတာပေါ့နော်။ အခုတော့ ကျွန်တော်တို့နိုင်ငံမှာ မဲပေးတာနဲ့ပတ်သက်ပြီး တချို့ပြောနေကြတာတွေရှိတယ်၊ မဲပေးတာနဲ့ပတ်သက်ပြီး မဲမပေးဖို့လှုံ့ဆော်နေကြတာတွေရှိတယ်။ အတိုက်အခံလုပ်ကြတာပေါ့။ ဘယ်လိုပဲပြောပြော ဒီမိုကရေစီစနစ်ကိုထူထောင်တဲ့နေရာမှာ ရွေးကောက်ပွဲကနေပဲ တစ်ဆင့်ဖြတ်သန်းရမှာဖြစ်တယ်၊ ဒီနေ့ပြောချင်တာကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာ လုပ်ဆောင်ပေးတဲ့၊ လာပြီးမဲပေးတဲ့ ပြည်သူပြည်သားတွေအားလုံး၊ ပြီးရင် မဲရုံမှာကြီးကြပ်နေတဲ့လူတွေအားလုံး၊ လုံခြုံရေးဝန်ထမ်းတွေအပါအဝင် ကူညီတဲ့လူတွေအားလုံးက ပြည်သူကို စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့လုပ်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။

**မေး။ ။ရွေးကောက်ပွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေအပါအဝင်နိုင်ငံတကာဆက်ဆံရေးတည်ဆောက်တဲ့အခါမှာ ဘာတွေ ဘယ်လိုအထိမျှော်လင့်ထားပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ကတော့ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့ အခုချိန်မှာတော့ ပိတ်ဆို့တဲ့ဟာတွေရှိတာပေါ့။ ဒီဟာသည်ရွေးကောက်ခံအစိုးရမဟုတ်တဲ့အတွက် ပိတ်ဆို့တာတွေရှိတယ်။ သို့သော် ဆက်ဆံနေတဲ့နိုင်ငံတွေလည်းရှိပါတယ်။ ကျွန်တော်တို့ မိတ်ဆွေနိုင်ငံတွေလည်း အများကြီးရှိတယ်။ ဥပမာဆိုရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆိုရင် မြန်မာနိုင်ငံနဲ့ကဆက်ဆံနေတာပဲ။ တကယ့်ကိုမိတ်ဆွေရင်းချာလိုပဲ ဆက်ဆံနေတာပဲ။ ဒီရွေးကောက်ပွဲပြီးတဲ့အခါမှာတော့ ခုနကပြောတဲ့ ကန့်သတ်ချက်တွေနည်းသွားတဲ့အတွက်ကြောင့် နိုင်ငံတကာဆက်ဆံရေး ပိုပြီးပွင့်လင်းလာမယ်။ ပိုပြီး မြင်သာလာမယ်လို့ပဲ ကျွန်တော်မြင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း မြန်မာနိုင်ငံမှာ ပိုပြီးဝင်လာမယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်ဗျ။ ဒီဟာနဲ့အတူ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးလည်း ပိုပြီးတော့ စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးသွားရင် လွှတ်တော်ခေါ်မယ်၊ အစိုးရဖွဲ့မယ်၊ ပေါ်ပေါက်လာတဲ့အစိုးရသစ်ကို အာဏာလွှဲပြောင်းမှုတွေလုပ်မယ်။ အဲ့ဒီအချိန်ဇယားက ဘယ်နှလပိုင်းလောက်ဖြစ်မလဲ။ ပုံမှန်ဆိုရင်တော့ ဧပြီလမှာ လွှဲတဲ့အခြေအနေမျိုးတွေရှိတာပေါ့၊ ဗိုလ်ချုပ်အနေနဲ့ပြောပြလို့ရနိုင်မလား။**

**ဖြေ။** ။ လွှတ်တော်ကတော့ မတ်လထဲမှာခေါ်ပြီး လုပ်ရမှာပဲ။ လုပ်ပြီးရင် အစိုးရသစ်တာဝန်တွေကတော့ ဧပြီလထဲမှာ ထမ်းဆောင်မှာပဲ။ ယခင်တုန်းကလုပ်ခဲ့တဲ့ ပုံမှန်ဇယားတွေအတိုင်းပဲ လုပ်ပါလိမ့်မယ်။

**မေး။ ။ကြိုတင်မဲနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများက ဗိုလ်ချုပ်မှူးကြီးကို တင်ပြတောင်းခံထားတာတွေရှိတယ်လို့ သိရပါတယ်၊ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

**ဖြေ။** ။ ဒါကတော့ ကော်မရှင်ရဲ့ကိစ္စပဲ။ ကော်မရှင်က လုပ်ပါလိမ့်မယ်။ အဓိကကတော့ ကြိုတင်မဲနဲ့ပတ်သက်ပြီး သူတို့ပြောနေတာများတယ်။ ကြိုတင်မဲရေတွက်တဲ့အခါမှာလည်း ကိုယ်စားလှယ်လောင်းတွေ အကုန်လုံးဖိတ်တာပဲ။ ခင်ဗျားတို့လည်း မြင်ပြီးသားပဲ။ ကျွန်တော်သိရသလောက် တချို့ကိုယ်စားလှယ်တွေက မလာဘူး။ မလာဘဲနဲ့ ပြောတာပေါ့နော်။ ဥပမာဆိုရင် မရမ်းကုန်းဆိုရင် ပထမအကြိမ်မှာပြီးသွားပြီ။ ခင်ဗျားတို့ ကျွန်တော်တို့လည်း ကြားခဲ့မှာပဲလေ။ ပုဂ္ဂလိက ကိုယ်စားလှယ်လောင်း ဒေါက်တာခင်ခင်ကျော့ သူဆိုရင် သူကိုယ်တိုင်လည်း ပြောခဲ့တာပဲ။ သူဆိုရင် တော်တော်လေးစားဖို့ကောင်းပါတယ်။ သူ ရှုံးခဲ့တယ်၊ ကြိုတင်မဲတွေရေတွက်တဲ့နေရာမှာ သူကိုယ်တိုင်လည်း သွားကြည့်တယ်။ သွားကြည့်တဲ့အခါမှာ ဒီလိုပဲ ပွင့်လင်းမြင်သာတာပါပဲ။ အကုန်လုံးက ကျွန်တော်တို့က ကွယ်ဝှက်ပြီးလုပ်လို့မရပါဘူး။ ပွင့်လင်းမြင်သာစွာပဲ လုပ်ရတာပဲ။ သို့သော် ချို့ယွင်းချက်လေးတွေရှိတာကို ကျွန်တော်တွေ့ရတယ်။ ဘာချို့ယွင်းချက်ရှိတာလဲဆိုတော့ ကိုယ်စားလှယ်လောင်းတွေကို မဲရေတွက်တဲ့အချိန် ခေါ်တဲ့အခါ မလာတာတွေရှိတယ်။ မလာဘဲနဲ့ပြောနေတာတွေရှိတာပေါ့နော်။ ဒါကျွန်တော်တွေ့ခဲ့တဲ့ဟာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တစ်ဖက်သတ်ပြောခြင်းမဟုတ်ပါဘူး။ သို့သော် ချို့ယွင်းချက်တွေလည်း ရှိကောင်းရှိနိုင်တယ်။ ရှိရင်လည်း ကော်မရှင်နဲ့ရှင်းလို့ရပါတယ်။ ကော်မရှင်နဲ့ ပြောလို့ရပါတယ်။ အားလုံး ပွင့်လင်းမြင်သာစွာပဲ သူတို့ဆောင်ရွက်ပေးပါလိမ့်မယ်။

**မေး။ ။ ဒီရွေးကောက်ပွဲအပေါ် နိုင်ငံတကာရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

**ဖြေ။** ။နိုင်ငံတကာအမြင်ကတော့ ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲမှာ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ လာတယ်၊ စောင့်ကြည့်လေ့လာရေးအဖွဲ့က သေချာလေ့လာခဲ့တယ်။ လေ့လာပြီးမှ သူတို့တွေ့ပြီးတာတွေကို ပြောခဲ့တာရှိတယ်။ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခဲ့တာတွေရှိတယ်။ အနှစ်ချုပ်ပြန်ပြောရရင် နံပါတ်တစ်က မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို ဒီလောက်အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့ သူတို့ထင်မထားဘူး။ ဒီလောက်လူများလိမ့်မယ်လို့လည်း သူတို့ထင်မထားဘူး။ သူတို့သွားကြည့်တဲ့အခါမှာ မဲရုံမှာ တန်းစီပြီးတော့ လူတွေမဲပေးနေတာကို တွေ့ရတယ်။ ဒါကြောင့်မို့ သူတို့ကိုယ်တိုင်လည်းအံ့သြတယ်။ နောက်တစ်ခုက မဲပေးစက်ပေါ့။ မဲပေးစက်နဲ့ပတ်သက်ပြီး သူတို့ကိုယ်တိုင်လည်း လေ့လာခဲ့ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ မဲပေးစက်၊ ဘယ်လိုမှလိမ်လို့မရတဲ့ မဲပေးစက်ဆိုပြီး ပြောသွားတယ်။ နောက်တစ်ခုက ကျွန်တော်တို့မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီကိုချစ်မြတ်နိုးတဲ့စိတ်ကို သူတို့ထုတ်ဖော်ပြီးတော့ ချီးကျူးသွားတာရှိတယ်။ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာအခြေစိုက်တဲ့ သံရုံးတွေက စောင့်ကြည့်ရေးကိုယ်စားလှယ်တွေ သူတို့လွှတ်ထားတယ်။ အယောက် ၁၀၀ ကျော်ရှိတယ်။ အများအားဖြင့် မြို့ကြီးတွေမှာပဲများတယ်။ အပေါ်မြို့တွေမှာ ရန်ကုန်၊ မန္တလေး၊ ပြီးရင်အောက်မှာ မော်လမြိုင်၊ ဟိုဘက်က တောင်ကြီးတို့၊ စစ်ကိုင်းတို့ အဲ့ဒီအထိ လွှတ်ထားတာရှိပါတယ်။ သူတို့လည်း အလျဉ်းသင့်တဲ့အချိန်မှာ ဒီစောင့်ကြည့်ရေးအဖွဲ့တွေက သူတို့တွေ့တာနဲ့ပတ်သက်ပြီး ပြန်ပြီးပြောပါလိမ့်မယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် ကလောမြို့နယ် ဟဲဟိုးမြို့၊ အောင်ပန်းမြို့တို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာ ဆန္ဒမဲပေး



တောင်ကြီး ဇန်နဝါရီ ၁၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၂)ကို ယနေ့ နံနက် ၆ နာရီမှ စတင်ကျင်းပလျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင်ပါဝင်သည့် ကလောမြို့နယ် အောင်ပန်းမြို့၊ ဟဲဟိုးမြို့တို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာ ဆန္ဒမဲပေးနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၍ မဲရုံတာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၂) တွင် ပါဝင်သည့် မြို့နယ် ၁၇ မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မဲရုံများတွင် လွတ်လပ်အေးချမ်းစွာ စည်းကမ်းစနစ်ကျစွာ တန်းစီ၍ ဆန္ဒမဲပေးလျက်ရှိကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများရှိ မဲရုံများ၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ ဆန္ဒမဲပေးခဲ့ကြသည့် လူငယ်များကို တွေ့ရစဉ်။

စောဒိ(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ မဲရုံအမှတ်(၁)နှင့်(၂)တို့၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ ဆန္ဒမဲလာရောက်ပေးသည့် လူငယ်များကို တွေ့ရစဉ်။

(၄၀၁)၊ တင်စိုး(ပဲခူး)



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးကြစဉ်။

လှိုင်မင်းအောင်



မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မဲရုံအသီးသီး၌ ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးကြစဉ်။

မွန်မလေး(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မြို့ပေါ်လေးရပ်ကွက်တွင် မဲရုံကိုးရုံနှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် မဲရုံ ၁၃ ရုံ စုစုပေါင်း မဲရုံ ၂၂ ရုံ၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးကြစဉ်။

မျိုးဝင်းညို(ကျွန်းလှ)



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ မဲရုံ ၂၆၅ ရုံ၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပရာ ဆန္ဒမဲပေးခဲ့ကြသည့် လူငယ်များကိုတွေ့ရစဉ်။

မိုးစက်(ဘိုကလေး)



မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲလာရောက်ပေးကြစဉ်။

ကျော်ဇေယျဝင်း(ကံမ)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာ ဆန္ဒမဲလာရောက်ပေးသည့် သက်ကြီးရွယ်အိုများအား တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။

မောင်မျိုးမင်း

# လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့် အောင်မြင်သောရွေးကောက်ပွဲ

ဘုန်းမောင်ဝင်း(ဖျာပုံ)

ပါတီစုံဒီမိုကရေစီစနစ်၏ အဓိကပင်မအုတ်မြစ်သည်ရွေးကောက်ပွဲဖြစ်သည်။ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်မှသာ ဒီမိုကရေစီစနစ်သည်ရှင်သန်ကြီးထွားပေမည်။ ရွေးကောက်ပွဲဆိုသည်ကို လွယ်ကူစွာပြရလျှင် အဆောက်အအုံတစ်ခုကိုတည်ဆောက်ရာတွင် အဓိကအရေးကြီးဆုံးမှာ အုတ်မြစ်ခိုင်မာမှုဖြစ်သည်။ အုတ်မြစ်ခိုင်မာမှုရှိသောအဆောက်အအုံမှာ မိုးဒဏ်လေဒဏ်သဘာဝဘေးဒဏ်များကိုကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။ တော်ရုံနှင့် ပြိုလဲနိုင်မည်မဟုတ်ပေ။ ထို့အတူ ပါတီစုံဒီမိုကရေစီစနစ်အရကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲဖြစ်ရပေမည်။

လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသောမဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှအခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး၊ အငြင်းပွားမှုကို ဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရာတွင် ဦးဆောင်ကျင်းပပေးသူတို့က မဲမသမာမှုပြုခြင်း၊ တရားမဲ့မှုများ လုပ်ဆောင်ခြင်းမျိုးရှိနေမည်ဆိုလျှင် ထိုရွေးကောက်ပွဲသည် တရားမျှတ၍လွတ်လပ်သောရွေးကောက်ပွဲဖြစ်မည်မဟုတ်ပေ။ ယခုအခါမြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှုရှိသည့်အပြင် ညီမျှမှုရှိသောရွေးကောက်ပွဲဖြစ်စေရန် ဘက်ပေါင်းစုံမှကြိုတင်ပြင်ဆင်ပေးထားသည်။ ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ကျင်းပပေးသည်။ ပထမပိုင်းအဖြစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့တွင်လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း(၃) အဖြစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင်လည်းကောင်း သတ်မှတ်ပေးခဲ့သည်။ ဤသည်မှာလုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များစနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အပိုင်း(၃)ပိုင်းခွဲ၍ကျင်းပခြင်းဖြစ်သည်။

ယခုအခါအပိုင်း(၁)နှင့်(၂)ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအခြေအနေကို အမှန်အတိုင်းပြောရမည်ဆိုပါက အလွန်အောင်မြင်မှုရှိသည့် ရွေးကောက်ပွဲများဖြစ်ခဲ့သည်။ ရွေးကောက်ပွဲအပိုင်း(၁)ကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ် ၁၀၂ မြို့နယ်တို့မှ မဲရုံများတွင် ဆန္ဒမဲပေးသည့်ရာခိုင်နှုန်းမှာ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့သည်။ ရာခိုင်နှုန်း ၅၀ ကျော်သည့်အတွက် ဂုဏ်သိက္ခာရှိသော၊ အောင်မြင်သော ရွေးကောက်ပွဲဖြစ်ခဲ့သည်။ ရွေးကောက်ပွဲအပိုင်း(၁)ကဲ့သို့ ရွေးကောက်ပွဲအပိုင်း(၂)သည်လည်း မြို့နယ် ၁၀၀ တွင် ဂုဏ်သိက္ခာရှိစွာအောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည်။



✿ ယခုအခါ အပိုင်း(၁)နှင့်(၂)ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ အခြေအနေကို အမှန်အတိုင်းပြောရမည်ဆိုပါက အလွန်အောင်မြင်မှုရှိသည့် ရွေးကောက်ပွဲများဖြစ် . . .

✿ မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏အကျိုးအတွက်သာရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူလူထုက တစ်ခဲနက်လာရောက်မဲပေးကြသည်။ ရွေးကောက်ပွဲကို ပြည်သူတို့စိတ်ပါဝင်စားမှုရှိကြောင်းကို ဆန္ဒမဲလာရောက်ပေးကြသည့်ရာခိုင်နှုန်းက သက်သေခံလျက်ရှိ . . .

မြန်မာ့နိုင်ငံရေးလမ်းကြောင်းသည် ပန်းခင်းသောလမ်းကဲ့သို့ဖြစ်၍မနေဘဲ ဆူးခင်းလမ်းပမာဖြစ်ခဲ့သည်ဟုဆိုရမည်။ အနှောင့်အယှက် အဖျက်အဆီးများကြောင့် နိုင်ငံ၏တိုးတက်ရေးမှာရှေ့သို့ ရောက်သင့်သလောက် မရောက်ဘဲရှိနေသည်။ ပြည်ပသွေးထိုးနှောင့်ယှက်မှုအမျိုးမျိုး၊ ပြည်တွင်းမှ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အမျိုးမျိုးတို့သည် မြန်မာနိုင်ငံမြန်မာလူမျိုးများတိုးတက်ကြီးပွားသွားမည်ကို စိုးရိမ်နေကြ၍ နှောင့်ယှက်မှုမျိုးစုံလုပ်ဆောင်ခဲ့သည်ကိုလည်း ပြည်သူများတွေ့မြင်ကြားသိပြီးဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်လာမည်ကို ကြောက်ရွံ့နေသည့်အတွက် အဖျက်လုပ်ရပ်များကိုလုပ်ဆောင်သည်။

မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏အကျိုးအတွက်သာရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူလူထုက တစ်ခဲနက်လာရောက်မဲပေးကြသည်။ ရွေးကောက်ပွဲကိုပြည်သူတို့စိတ်ပါဝင်စားမှုရှိကြောင်းကို ဆန္ဒမဲလာရောက်ပေးကြသည့်ရာခိုင်နှုန်းက သက်သေခံလျက်ရှိသည်၊ ရွေးကောက်ပွဲအနီးကပ်လာရောက်လေ့လာစောင့်ကြည့်နေကြသည့်ပြည်တွင်းပြည်ပအဖွဲ့အစည်းများကပင်တအံ့တဩဖြစ်လောက်အောင် နံနက် ၆ နာရီမထိုးမီကတည်းက မဲရုံရှေ့တွင်တန်းစီစောင့်ဆိုင်းနေကြသည်၊ ပြည်သူများအနေဖြင့်သူတို့၏လူမှုစီးပွားဘဝအရေးတွင် အဖျက်အမှောင့်အနှောင့်အယှက်အတားအဆီးများမလိုလားပေ။ အေးချမ်းစွာနေထိုင်လိုကြသည်။ အေးချမ်းစွာပညာသင်ကြားလိုကြသည်။ စီးပွားရေးရှာဖွေလိုကြသည်။ ထို့ကြောင့် သူတို့လိုလားသောအစိုးရတစ်ရပ်ပေါ်ထွန်းလာရေးကိုမျှော်လင့်ချက်ဖြင့်လာရောက်မဲထည့်ကြသည်။

**မဲရုံမှာ မဲရုံဂိတ်ပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင်မဲပေးဖို့တန်းစီစောင့်နေကြတာကိုတွေ့ရတယ်။ ရွေးကောက်ပွဲမှာတာဝန်ထမ်းဆောင်ကြတဲ့ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာမှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ID ကတ်တွေနဲ့သူတို့ရဲ့အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာတွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲအပိုင်း(၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကိုတွေ့ရပါတယ်”** ပြောကြားခဲ့သည်။

အမှန်တကယ်တော့ ထိုနေ့က မဲဆန္ဒရှင်ပြည်သူတွေမျက်နှာပေါ်မှာ အပြုံးများဝေဆာနေသည်။ သူတို့အနာဂတ်အတွက် ယုံကြည်မှုအပြည့်ရှိနေသည်။ **နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မဲပေးပြီးနောက် မဲရုံများသို့လှည့်လည်သွားကာ ဆန္ဒမဲပေးနေသည့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောဆိုမှုများကိုလည်း ပြည်သူများမြင်တွေ့ကြပြီးဖြစ်သည်။ အဆင့်အတန်းမြင့်သည့် ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအကြီးအကဲ၏ရွေးကောက်ပွဲအပေါ် တကယ့်ကို စိတ်ဆန္ဒအမှန်ဖြင့်ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူများပြင်းပြစွာဆန္ဒရှိမှုကို နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့များကပြောဆိုထားသည်။ ရွေးကောက်ပွဲမဲပေးရာတွင် လူငယ်များစွာ ပါဝင်မဲပေးသည့်အတွက် နိုင်ငံတော်၏**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍တရားမျှတမှုရှိကြောင်း၊ စနစ်တကျရှိကြောင်းကို ပြည်ပမှလေ့လာစောင့်ကြည့်သူများ၏ရင်တွင်းစကားသံများကိုလည်း ကြားသိကြပြီးဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်က



မဲပေးနေသည့်မဲရုံပေါင်း ၆ ရုံကို သွားရောက်လေ့လာကြည့်ခဲ့သည်။ သူ၏တွေ့ရှိချက်ကို ပြောပြရာတွင် **“ကျွန်တော့်အနေနဲ့ တွေ့ရှိချက်ကိုပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေကစနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်းတွေ့ရပါတယ်။ နောက်ဆုံး အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားရှိတယ်ဆိုတာမျိုးလည်း** သုံးသပ်ကြသည်။ **မဲပေးသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်သည်ကို နိုင်ငံတကာလေ့လာစောင့်ကြည့်သူများက ပြောဆိုကြသည်။**

စာမျက်နှာ ၁၄ သို့ ➤

➤ စာမျက်နှာ ၁၃ မှအဆက်

ရွေးကောက်ပွဲတစ်ရပ်ကျင်းပရာတွင် မဲစာရင်းများ တိကျမှန်ကန်ရေးသည်လည်း အရေးကြီးအချက်ပင်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည်။ မဲစာရင်းများကိုလည်း အများပြည်သူများသိရှိနိုင်စေရန်အတွက် သုံးကြိမ်တိုင်တိုင်ကပ်ထားပေးသည်။ မိမိအမည်မပါလျှင်၊ မှားယွင်းနေလျှင် ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်ပေးနိုင်ရန်အတွက်ဆောင်ရွက်ခြင်းဖြစ်သည်။ မဲစာရင်းထပ်ခြင်း၊ မှားယွင်းခြင်းမရှိစေရန် စနစ်တကျပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည်။ ပြည်သူအားလုံးပါဝင်မှုရှိစေရန်အတွက် ပထမဆုံးအကြိမ်မဲပေးမည့်မဲဆန္ဒရှင်လူငယ်များ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် မသန်စွမ်းသူများအားလုံးပါဝင်စေရန် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုပြင်ဆင်ဖြည့်စွက်ခြင်းများဆောင်ရွက်ပေးခဲ့သည်။ ထိုသို့လိုအပ်ချက်မရှိစေရန်ဆောင်ရွက်ပေးခဲ့သည့်အတွက် မဲလာရောက်ပေးသူ ၅၂ ရာခိုင်နှုန်းကျော်ရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏စတုတ္ထဦးတည်ချက်ဖြစ်သည့် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** သည် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိနေပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ရွေးချယ်ပေးလျက်ရှိသည်မှာ “နိုင်ငံတော်နှင့်ဒေသအကျိုးကိုဖော်ဆောင်ပေးနိုင်မည့်သူ၊ အမျိုးဘာသာ သာသနာအကျိုးကိုသယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့တည်တံ့ခိုင်မြဲစွာ တည်ရှိနေသည့်တပ်မတော်နှင့်လက်တွဲဆောင်ရွက်နိုင်မည့်သူ၊ ဥပဒေပြုရေးလုပ်ငန်းများကိုဆောင်ရွက်မည့်သူဖြစ်၍ ဥပဒေကိုသိရှိနားလည်သူ၊ ပညာတတ်ကိုယ်စားလှယ်လောင်းများ” ဖြစ်မည်ဟုယုံကြည်မိသည်။ သို့မှသာနိုင်ငံတော်၏အကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။

**✿ ရွေးကောက်ပွဲမဲပေးရာတွင် လူငယ်များစွာ ပါဝင်မဲပေးသည့်အတွက် နိုင်ငံတော်၏အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားရှိတယ် ဆိုတာမျိုးလည်း သုံးသပ်ကြသည်။ မဲပေးသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်သည်ကို နိုင်ငံတကာလေ့လာစောင့်ကြည့်သူများကပြောဆိုကြ . . .**

**✿ စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်မည်ဖြစ်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) နှင့်အပိုင်း(၂) အောင်မြင်စွာကျင်းပပြီးမြောက်ခြင်းကို ကြိုဆို . . .**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲမသမာမှုလုံးဝမဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကို အသုံးပြုလျက်ရှိသည်။ MEVM တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အားပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံ စသည်တို့မှာ ရှင်းရှင်းလင်းလင်းရှိခဲ့၍ အများယုံကြည်လက်ခံခဲ့သည်။

**ပြည်သူများအနေဖြင့် ရွေးကောက်ပွဲအပိုင်း(၁)နှင့်အပိုင်း(၂)တို့ကိုအောင်မြင်စွာ ရွေးချယ်မဲပေးခဲ့ကြပြီးဖြစ်သလို ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း မိမိတို့စိတ်ကြိုက်ရွေးချယ်ကြဦးမည်ဖြစ်သည်။ ရွေးကောက်ပွဲများအားလုံးပြီးမြောက်သည့်အခါ ရွေးကောက်ခံအစိုးရသစ်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့် သက်ဆိုင်သည့်အပြင် နိုင်ငံတော်၏သမိုင်းကြောင်း၊ ဖြစ်ပေါ်တိုးတက်လာသည့်နိုင်ငံရေးဖြစ်စဉ်များနှင့်သက်ဆိုင်နေသည်။ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်းဝင်ရောက်နိုင်မှုအခွင့်အရေးပိုမိုရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်မည်ဖြစ်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့် အပိုင်း(၂) အောင်မြင်စွာကျင်းပပြီးမြောက်ခြင်းကို ကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကျွန်းလှမြို့နယ်၌ ဖူးစားပြောင်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍စိုက်ပျိုးကြရာ ဇန်နဝါရီလ ၁၁ ရက်အထိ ၁၀၂၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယခုနှစ်တွင် ကျွန်းလှမြို့နယ်၌ ဖူးစားပြောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို အသိပညာပေးလျက်ရှိကြောင်းသိရသည်။(၄၀၉)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## "ဖြည့်စွက်ဖတ်ရှုနိုင်ပါရန်"

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် မြဝတီသတင်းစာတွင်ဖော်ပြပါရှိသည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး"**သတင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည့်အပိုဒ်၌ **"ကန်ကြီးထောင့်ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သည့် ကန်ကြီးထောင့်မြို့နှင့်သာပေါင်းမြို့ဆက်သွယ်မည့်တံတားတစ်စင်းတည်ဆောက်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ ဘေလီတံတားတစ်စင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့တို့တွင် ၂၅ ခုတင်ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးနိုင်ပါရန်တင်ပြမှုနှင့်ပတ်သက်၍ ခုတင်- ၅၀ ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခုတင်-၅၀ နှင့်ညီမျှသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** ဟု ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်၊ ငလျင်ဘေးပြန်လည်တည်ဆောက်ရေးနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာ ကွင်းအမှတ်(၉၈၁)တွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ဧက ၃၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကွင်းအတွင်း စားဖိုဆောင်သုံးသီးနှံများနှင့် ဆောင်းသီးနှံမတ်ပဲ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုရေးတို့ကိုမှာကြားပြီး သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် နေကြာမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ဥသျှစ်ကုန်းကျေးရွာအုပ်စု သပြေသာကျေးရွာ ကွင်းအမှတ်(၁၂၇၉) တောင်သူ ဦးဇော်မိုး၏ ဆီထွက်သီးနှံ ဆင်းရွှေကြာ(၂) နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကွင်းအတွင်းရှိ စိုက်ပျိုးမြေများကို မြေချဉ်နက်ကိန်း လက်တွေ့တိုင်းတာခြင်းနှင့် ဓာတ်ခွဲနမူနာ၊ မြေသားနမူနာရယူဆောင်ရွက်ခြင်းများကို တောင်သူများအား လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးပြီး သီးနှံများအား မိုး၊ ဆောင်း၊ နွေ ရာသီပြည့် စိုက်ပျိုးနိုင်ရေး၊ သီးလှည့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေများ စနစ်တကျပြုပြင်ရေး၊ ရေရရှိရေး နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေးတို့ကို မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ မြို့နယ် ဆန်စပါး၊ ပဲမျိုးစုံ၊ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကုန်စည်ဒိုင်ရုံး ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး၊ သီးနှံထွက်ကုန်များအား ကုန်ကြမ်းအဖြစ်မှ ကုန်ချောအဖြစ်သို့ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စက်နှင့် ဆီစက်လုပ်ငန်းများ ပုံမှန်လည်ပတ်၍ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# ၂၀၂၆ ခုနှစ် (၇၉) ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၂၆ ခုနှစ်(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ပြည်ထောင်စုနေ့ အခမ်းအနားသည် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်လာကြမည့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုအဖွဲ့များကို အချိန်မီဘေးအန္တရာယ်ကင်းရှင်းစွာပို့ဆောင်ရမည့်ကိစ္စသည် မိမိတို့ဆပ်ကော်မတီ၏အဓိကလုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော တာဝန်ကျဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုသလို ကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုပြုစားသောက်နေထိုင်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဆက်စပ်ဆပ်ကော်မတီမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်မှ လူငယ်အဖွဲ့များ နေပြည်တော်သို့ဆက်လက်ရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၁**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လူငယ်အဖွဲ့များအား လူငယ်ငြိမ်းချမ်းရေးဖိုရမ် အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅˚C | / | ၃၀˚C |
| ရန်ကုန် | ၁၆˚C | / | ၃၁˚C |
| မန္တလေး | ၁၄˚C | / | ၃၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက်ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်သည့် ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာဆန္ဒမဲပေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ လာရောက်ဆန္ဒမဲပေးလျက်ရှိရာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ သီရိဟေမာရပ်ကွက်ရှိ မဲရုံ၊ မြစိမ်းရပ်ကွက်ရှိမဲရုံတို့သို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးကာ မဲရုံမှူးနှင့် တာဝန်ရှိသူများကို လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့သို့သွားရောက်ပြီး လှေကျင်းရပ်ကွက်ရှိ မဲရုံ၊ စာရေးကုန်းရပ်ကွက်ရှိ မဲရုံတို့ကိုသွားရောက်၍ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးကာ မဲရုံမှူးနှင့်တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လာရောက်မဲပေးသူပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုရုံးအဖြစ် ဖွင့်လှစ်ထားရှိသည့် ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမသို့ သွားရောက်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် မဲရုံများပိတ်သိမ်းပြီးပါက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြဝတီ






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လသာမြို့နယ် တို့ရှိ သက်ဆိုင်ရာမဲရုံများအလိုက်တွင် မဲရုံမှူးတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးမေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့်အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက်အတွေ့အကြုံများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## တတိယအကြိမ် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီမှကြီးမှူး၍ MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲကို မတ်လ ပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

MNL 2 Promotion Amateur Club Tournament ကို မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ တန်းတက်/တန်းဆင်းစနစ်အတွက် အထောက်အကူပြုစေရန်၊ ပရော်ဖက်ရှင်နယ်ကလပ်အသင်းများ ပိုမိုထွက်ပေါ်လာစေရန်၊ နိုင်ငံ့လက်ရွေးစင်အသင်းအတွက် မျိုးဆက်သစ်ကစားသမားများ ပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယခု MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲမှ ပထမ၊ ဒုတိယရရှိသည့် နှစ်သင်းအနေဖြင့် MNL 2 League 2026–2027 ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ သို့သော် အဆိုပါနှစ်သင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိပါက FIFA နှင့် AFC တို့မှချမှတ်ထားသည့် Professional Club Criteria များဖြစ်သည့် FIFA Connect (National Online Registration System) နှင့် AFC Club Licensing Criteria များကို မဖြစ်မနေ လိုက်နာဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

ထို့အတူ MNL League Cup ပြိုင်ပွဲနှင့် လူငယ်အမှတ်ပေး (MNL Youth League) ပြိုင်ပွဲများရှိပါက ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီနီယာကလပ်အသင်းအပြင် လူငယ်ကလပ်အသင်းတစ်သင်းကိုပါ မဖြစ်မနေ ထပ်မံပြင်ဆင်ဖွဲ့စည်းထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် အထက်ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်နိုင်သည့်အပြင် MNL 2 League 2026–2027 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့လျှင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ရေရှည်ဖွဲ့စည်း ပါဝင်ယှဉ်ပြိုင်နိုင်သည့် အသင်းများကိုသာ MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံ**

### ထူးခြားသည့်ညအပူချိန်များ

၁၁-၁-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၄ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၅ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၅ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing visits voters casting ballots at the Phase 2 of the 2025 Multi-party Democracy General Election of the Republic of the Union of Myanmar at the relevant polling stations



Senior General Min Aung Hlaing checks a voter list.



Senior General Min Aung Hlaing cordially converses with voters.

NAY PYI TAW January 11

Elections are the most important part of democracy, and the voters will have to choose and shape the future path of the nation by using their voting right, which is included in the rights of citizens.

The Phase 2 of the 2025 Multi-party Democracy General Election of the Republic of the Union of Myanmar began at 6 am today at the relevant townships, and the people in large bodies were seen actively casting votes according to their free will at the respective polling stations as good citizens in a disciplined manner, without facing any pressure.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Secretary General Ye Win Oo and members of the entourage, visited the polling booths in Yangon Region and observed the voters casting ballots.

In doing so, the Senior General observed the polling booth officials checking the voter lists with computers at the booths in Hlaing, Insein and Latha townships and the people ardently casting ballots there. He cordially met with voters and asked their views on MEVMs and voting process and on the polling station staff. Afterwards, the Senior General cordially greeted the voters.

Voters on their part were also expressing pleasure and pride for the Senior General's visit to the polling stations and the encouragement he gave to them, and extended warm and cordialgreetings back to the Senior General and party. They also described their experiences in casting votes at the elections.

100

---

▸▸From Page - 19

press machines, one mixing machine, and one pill counting machine used for drug manufacturing,two kilograms of ICE, one box containing 10 kilograms of mixed paste for pressing pills, one glass tube stand, one 10-liter container of mixed substance for drug production, 25 kilograms of Caustic Soda, 30 containers each containing 25 kilograms of Sodium Powder, one motor vehicle, two generators, one backhoe, one set of green uniforms with SSA insignia, one set of shoulder patches with 2 stars, one green cap with SSA insignia, and the structures along with related equipment.

Based on the above incidents, aerial reconnaissance and ground intelligence gathering operations continued. Three suspicious locations within Mongyal Township were identified, leading to clearance operations by security columns including joint force members. On January 10 at 1:30 pm, at the first location near Manhpyat Village, approximately 26,000 meters southwest of Mongyal Town, the following items used for drug manufacturing were found and seized: 14 temporary shelters, 6 structures each 100 feet long and 25 feet wide, 120 plastic barrels, 20 iron barrels containing chemical solutions, 30 empty iron barrels, 60 gas cylinders, four large steel pressure cookers, two large engines, 67 plastic barrels containing acid, and related equipment used in drug manufacturing.

Similarly, at about 7.30 am on 11 January, at the second site at about 20,000 meters southwest of Mongyal, fifty 15x20 plastic shelters used in production of narcotic drugs, 15 destroyed buildings, 600 gas tanks, 10 refrigerators, three generators, three large steamers, three tablet press machines, 500 barrels of liquid chemicals, 300 polythene sacks containing white power suspected of narcotic drugs, 300 transparent plastic bags, 300 five-gallon acid containers, six large steel trays, 30 carton boxes containing 300 bags of white powder (still identifying), 300 bags of white powder (still identifying) in polythene sacks and five motorcycles were seized and six suspects involving in the drug production including SSA members were detained together with uniforms with SSA badges, stamps and other accessories. Security forces arrived at seven sites at about 9:30 am, assumed to be the major drug production sites, at about 19,000 meters southwest of the abovementioned site and conducted clearance operations. A total of 33 warehouses housing tents and accessories used in drug production were found and 443 assorted gas tanks used in drug production, 1,312 fibre barrels, 336 iron barrel, two three-wheel motorcycles, 85 sacks of Caustic Soda, four barrels containing four 20-Kg bags of Sodium Acetate Trihydrate in each of them, 21 barrels of Sulfonic Acid liquid, eight barrels of tender, five brown barrels (still identifying), 525 small flasks, ten large flasks, 40 ethnol barrels, 150 steel bowls containing white paste,dryer trays and accessories used in production drugs were seized so far. The remaining items are still being identified.

The accessories and precursor materials were preliminarily tested by a team comprising technicians and it was found that heroin and methamphetamine were being produced there. Detail tests will be conducted and the seized materials will be handed over to relevant departments in accordance with rules and regulations and incinerated. After systematic investigations, effective action will be taken against those who were involved in drug production. The government and the Tatmadaw have been taking measures relentlessly and consistently to combat narcotic drug production and trafficking in the entire country as a national duty. Effective action will be taken against the organizations that were involved in the current drug production.

100

# Equipment used for online fraud and gambling activities within Hsipaw Township and Mongyal Township areas, and equipment used for drug manufacturing seized


Identity cards seized at the online scam and gambling venue.


Equipment used in online scam and gambling and operational items that were seized near Narlin Village in Namlan region.


Equipment used in refining narcotic drugs.



Uniforms with SSA marks seized at the drug refinery.


Packages of white powder that are still under verification.

NAY PYI TAW January 11

Myanmar, in collaboration with neighbouring countries, ASEAN member states, Mekong region countries, BIMSTEC member countries, and international drug control organizations, including the United Nations, is intensifying efforts in drug elimination operations. Furthermore, in regional drug elimination processes, operations such as destroying poppy fields, locating, uncovering, and seizing facilities capable of producing narcotic drugs, and conducting awareness programs starting from student and youth ages are being continuously carried out jointly with local communities.

Similarly, the government is undertaking the task of combating online fraud and gambling as a national duty. To prevent such activities from taking root in Myanmar, it is actively engaging in operations to suppress these crimes by coordinating with domestic security forces as well as neighbouring governments.


In line with these efforts, news was previously released on February 5, 2025, regarding the arrest of foreign nationals involved in online fraud and gambling operations in the Mongha area of Mongyal Township, Northern Shan State, and the seizure of related equipment used in such activities. Additionally, on November 27, 2025, news was released regarding the arrest of foreign nationals involved in online fraud and gambling operations, along with related equipment and weapons, near Mongnawng Town in Kyethi Township, Southern Shan State. Furthermore, on December 1, 2025, news was released regarding the arrest of individuals involved in online fraud and gambling operations and the seizure of related equipment near Taunghteik Village in Kyaukme Township, Northern Shan State.


In order to prevent illegal online fraud and gambling operations from establishing a foothold in these areas, Tatmadaw columns, acting on ground intelligence and with the cooperation of local residents providing information, are continuing operations with multi-group task forces to expose and clear such activities. During these operations, while a joint security column conducting area security operations in the Namlan area of Hsipaw Township, Northern Shan State, was resting approximately 10,000 meters northwest of Narlin Village on the evening of January 8, terrorists who had taken up positions as outposts initiated an attack with small arms, leading to an engagement. The terrorists were dispersed and fled. At the location, five temporary rain shelters, trenches, two forward-deployed mines, related equipment, and one barrier gate with a lever were found and seized.

While pursuing the terrorists who fled after the engagement, the Tatmadaw column reached a location approximately 9,000 meters northwest of Narlin Village in Hsipaw Township at around 1:30 pm on January 9. There, they found and seized from two corrugated iron-roofed and sided residential buildings, each 40 feet long and 30 feet wide, which had been used for online fraud and gambling operations: 18 laptop computers, 35 desktop computers, 11 various phones, and five Star Link devices.

Subsequently, the column, including joint forces, continued clearance operations and at around 4:45 pm, upon reaching a location approximately 800 meters east of the aforementioned site, discovered a drug manufacturing facility. Upon entering and conducting clearance checks, they further found and seized: 11 laptop computers and six desktop computers, three Star Link devices, two pill

See Page - 18 ▸▸


A seized drug refinery near Mongphyat villa, Mongyal and accessories.


A seized drug refinery near Mongphyat villa, Mongyal and accessories.


A seized drug refinery near Mongphyat villa, Mongyal and bags of raw materials.

# Answers of Leader of the Information Team of National Defence and Security Council Maj-Gen Zaw Min Tun to the news media in connection with 2025 multi-party democracy general election

**Q: We have known that over 52 percent of the voters went to the polls during the Phase 1 of the election. What kind of security arrangements were in place for the people to cast votes?**

**A:** So, the main point of the question is voting conducted by the people during Phase 1. It was so encouraging to see people casting ballots. As I have already said, it was not the government's victory, but that of the people. It was the victory of the people who wished for democracy and peace. Now, you have already seen Phase 2 with your own eyes. Acting President Senior General Min Aung Hlaing visited the polling stations in person during the Phase 2, in which people were ardently casting votes. He met with people and asked questions, and you have witnessed the scene. He also asked about the voting machine. When the Senior General asked a voter whether the result came out according to the button he pushed, the person said "Yes". In fact, this indicates transparency of the election. Some even woke up at 4 am to cast their vote. The results will come out in the evening after the verifying process. I believe it will be a successful election, and also Phase 3. A parliamentary democracy election was held in 1952. It was held in three parts and took about five months. A single part took seven to ten days then. At that time, only 1.5 million or 20 percent out of eight million voters went to the polls. At present, some quarters were urging people not to vote. And there were instigations to prevent the people from going to the polls. They were opposing the election. Whatever the situation is, democracy must be set up through an election. I would like to thank all the persons who eagerly took part in the work of holding the election, who cast votes, who supervised the voting process, who ensured safety and who provided assistance as their contribution was for the convenience of the voters.



Leader of the Information Team of National Defence and Security Council Maj-Gen Zaw Min Tun meets the press.

**Q: How much do you expect in the relations with the international community including neighbours at the time when the multi-party democratic system comes into effect after the completion of the election and what are the expectations?**

**A:** Regarding international relations, there are some sanctions at present, because the government is not an elected one. On the other hand, there are countries that are dealing with us. We have many friendly countries. For example, we have good relations with our neighbours like true friends. As sanctions will be lessened after the election, the country's scope of international relations will increase again. I hope more investments will come into Myanmar, opening economic opportunities for the entire country.

**Q: After the election, Hluttaw will be convened, the government will be formed, and power will be transferred to the emerging new government. Regarding that timeline, which month is it likely to occur? Normally, there are situations where the transfer takes place in April; could you please elaborate on this?**

**A:** Hluttaw will be convened in March. Following that, the new government will assume its responsibilities in April. Everything will proceed according to the regular schedules followed previously.

**Q: It is understood that political parties have submitted requests and proposals to the Senior General regarding the matter of advance voting. Regarding this issue, how do you intend to proceed?**

**A:** This is a matter for the Commission; they will handle it. The focus of their discussion is usually regarding advance voting. When advance votes are counted, all candidates are invited—as you have already seen. From what I know, some representatives do not show up, yet they make complaints later. For example, during the first round in Mayangone, you and I might have heard about the independent candidate, Dr. Khin Khin Kyawt. She is quite respectable; although she lost, she personally went to observe the counting of advance votes. She noted that the process was completely transparent. We cannot do anything in secret; it must be conducted with full transparency.However, I have noticed some shortcomings. The issue is that some candidates do not attend when they are invited to observe the vote counting. They remain absent and yet voice complaints afterward. I am simply stating what I have personally observed; this is not a one-sided accusation. Nevertheless, there may be some flaws. If such flaws exist, they can be clarified and discussed with the Commission. They will handle everything with full transparency.

**Q: What is the international perspective regarding this election?**

**A:** Regarding the international perspective, during the first election, international monitoring teams arrived and conducted a thorough observation. After their assessment, they shared their findings and issued their statements with full transparency.To summarize, firstly, they did not expect that Myanmar could conduct the election so successfully. Nor did they anticipate such a high voter turnout. When they went to observe, they saw people queuing at the polling stations to cast their ballots; as a result, they were personally astonished. Furthermore, regarding the voting machines, they conducted their own study. They remarked that these machines are transparent and stated that it is impossible to manipulate or rig the results using them.Furthermore, they expressed high praise for the Myanmar people's profound love for democracy. During the second phase of the election, more than 100 monitoring representatives from embassies based in Myanmar were also deployed. These observers were primarily stationed in major cities—ranging from northern cities like Yangon and Mandalay to Mawlamyine in the south, as well as Taunggyi and Sagaing. These monitoring groups will share their findings and observations at the appropriate time. I would like to thank everyone.

## For further reading

At the news story with the headline "Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with departmental officials and local elders from Kangyidaunt, and discusses regional development" on page 18 of the Myawady Daily Newspaper issued on 11 January 2026, with regard to the discussions on regional development, please read the story with more guidance given by the Senior General, stating that a bailey bridge will be built as responded to the requests of residents from Kangyidaunt for construction of a bridge linking Kangyidaunt and Thabaung. Moreover, the 25-bed hospital for Kangyidaunt and Thabaung will be upgraded to a hospital (50-bed) with assignment of 50-bed hospital-level health staff. **Ed**

■■ From Page - 21

**3. A woman in Mongyal Township**

I had never voted before. This is my first time. I feel excited. I hope that the outcome will benefit my country, my people, and my region. At the polling station, I saw many people, both elderly and young, actively and enthusiastically casting their ballots.



During today's general election, domestic and international media, as well as diplomats, chargés d'affaires, and officials from international embassies based in the country, visited polling stations to observe voters freely casting their ballots and to gather information. It was reported that Phase 3 of the general election will continue to be held on 25 January 2026. **100**

# Multi-party Democratic General Election Phase 2 conducted in 100 townships

NAY PYI TAW January 11

The Phase 2 of the Multi-party Democratic General Election of the Republic of the Union of Myanmar was held at relevant polling stations in 100 townships of regions and states, starting from 6 am today.

The Phase 1 of the election place on 28 December 2025 with public participation under the leadership of the government. The Phase 2 of the election held in 100 townships was conducted in Machanbaw, Mogaung and Waingmaw townships of Kachin State, Demawhso and Pruhso townships in Kayah State, Papun and Hlaingbwe townships in Kayin State, and Kalewa, Mingin, Wuntho, Kyunhla, Myinmu, ChaungU, Budalin, Ayadaw, Phaungpyin, Mawlaik and YeU townships in Sagaing Region. Moreover, the election was held in Yebyu, Kyunsu and Taninthayi townships in Taninthayi Region, DaikU, Shwegyin, Htantabin, Yedashe, Zigon, Paungde, Kawa, Thanatpin, Paukkhaung, Padaung, Monyo and Minhla townships in Bago Region, and Gangaw, Seikpyu, Natmauk, Myothit, Ngaphe, Salin, Sedoktara, Kanma, Mindon, Minhla and Sinbaungwe townships in Magway Region. Likewise, voters cast ballots in the election in Singaing, Kyaukpadaung, TadaU, Pyigyidagun, Mahaaungmyae, Wundwin, Thazi, Amarapura and Madaya townships in Mandalay Region, Bilin, Mudon, Thanbyuzayat, Ye and Paung townships in Mon State, and Bahan, Pabedan, Latha, Kawhmu, Kungyangon, Dagon Myothit (North), Dawbon, Pazundaung, Hline, Shwepyitha, Htantabin, Hlegu, South Okkalapa, Cocokyun, Kyimyindine and Insein townships in Yangon Region. Furthermore, the election took place in Ywangan, Hsihseng, Kalaw, Monglhat, Mongping, Mongphyat, Yaksawk, Tanyang, Mongyai, Kunhing, Mongton, Mongyawng, Mongyang, Mongpan, Maukmai, Mongkai and Laikha townships in Shan State, and Kyaunggon, Kangyidaunt, Thabaung, Kyaiklat, Pyapon, Bogale, Pantanaw, Wakema and Einme townships in Ayeyawady Region. Voter people cast their ballots with the use of Myanmar Electronic Voting Machine-MEVM at relevant polling stations.



Ambassador H.E. Mr. Bounphieng CHANTHAVONG visiting polling stations.



Nepalese Ambassador conversing with a polling station staff.



A large number of people come out to vote at a polling station in Maezali village, Setoktara Township, Magway Region.



People patiently wait for their turn to vote in Pyigyitagon Township, Mandalay Region.



An international monitoring team observing the polling process.

Eligible voters cast ballots at designated polling stations in regions and states while Tatmadaw members and families systematically voted at the relevant polling stations in the military command areas of regions and states.

To ensure that voters can cast their ballots freely, peacefully, and conveniently, necessary vehicles, medical teams for healthcare services, and security arrangements were prepared in advance at each polling station. Chief ministers and officials from the respective regions and states toured the polling stations to oversee the process and coordinated as needed to address any requirements.

At the conclusion of voting, polling station officers and staff retrieved the results from the voting machines (control units) in the presence of representatives of political parties and election observers, and systematically counted the results, along with the advance ballots, in an orderly manner.

In connection with the holding of the general election, the voices and heartfelt sentiments of voters who came to cast their ballots at the various polling stations have also been heard as follows: -

**1. A woman in Kalaw Township**

My voting experience is that I started preparing to vote early. Back in 2020, I had to vote in my local area. At that time, there were quite a few difficulties—my name couldn't be found, or it was incorrect, and so on. Previously, since we had to mark the paper ballot,



I was worried about making mistakes. I was anxious about whether my mark would go outside the box or whether my vote would be invalidated. Now, since all I have to do is press a button, I can just find the party I want to vote for, and when the light turns green, I press the button, and a paper slip comes out on the other side. I can immediately check whether the party or organiza-tion I voted for is correct. The slip only gets cast once I confirm it's correct, so there's no risk of an invalid vote. It's reassuring. I have many hopes. After this election, first of all, we hope for better education for children. The main thing is safety—safety for children and women. That's what I hope for the most. Next, I hope the healthcare system can be more complete and improved than it is now. Especially in rural areas, even in education, resources can't compare to the cities. I hope those gaps will gradually improve. No matter which organization forms the government, I hope these things can be carried out.

**2. A man in Sinbaungwe Township**



Voting with a machine like this is much more convenient. By being able to vote in this way, I also feel that I have fulfilled my duty as a citizen. I hope that employment and job opportunities will also improve significantly.

See Page - 20 ■■

# PDF အမည်ခံအကြမ်းဖက်သမားများက ဆင်ဖြူကျွန်းမြို့၊ နွယ်တမယ်ကျေးရွာရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်နေအိမ်များအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည့်အပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုကလိုလားလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး ၎င်းတို့၏အကျိုးစီးပွားကို ရှေ့တန်းတင်လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့ကိုရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသည့်ဒေသများ၌ ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ဘုရားစေတီပုထိုးများ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်၌ လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများနှင့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာ၍ အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ်အသုံးချခြင်းတို့ကိုပါ လုပ်ဆောင်လျက်ရှိကြသည်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းပေါ်တွင် အကြမ်းဖက်သမားများက သဲအိတ်များ/ကျောက်ခဲအိတ်များ တင်ဆောင်၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့်ဘုရားစေတီများ၌ အကြမ်းဖက်သမားများက ဆက်သွယ်ရေးမြောင်းများတူး၍ သဲအိတ်ဘန်ကာများဖြင့် အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းတွင် အကြမ်းဖက်သမားများက ဆက်သွယ်ရေးမြောင်းများတူး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။

ထိုသို့ နိုင်ငံတော်နှင့်ပြည်သူအပေါ် ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်နေကြသည့် အကြမ်းဖက်သမားများအား တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Torrorism Operation)ဖြင့် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ နွယ်တမယ်ကျေးရွာအား ဇန်နဝါရီလ ၁၀ ရက်တွင် တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာအား တိုက်ခိုက်သိမ်းပိုက်စဉ် ရန်သူထံမှသိမ်းပိုက်ရရှိသော လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပြည်သူများ၏ ခြံဝင်းအတွင်းနှင့်နေအိမ်များအား အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီး၍ အခိုင်အမာ ခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။


ထို့နောက် ဇန်နဝါရီလ ၁၁ ရက်တွင် နွယ်တမယ်ကျေးရွာအား တပ်မတော်က နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်းမှ အကြမ်းဖက်သမားအလောင်း ၁ လောင်း၊ လက်ပစ်ဗုံး ၄ လုံး၊ လက်လုပ်မိုင်း ၁၁ လုံး၊ ၄၀ မမဗုံးသီး ၂ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ ကျည်ကာဦးထုပ် ၅ လုံး၊ ပြောက်ကျားယူနီဖောင်း ၄ စုံ၊ စကားပြောစက် ၃ လုံးနှင့် အကြမ်းဖက်တံဆိပ်ဘတ် ၁ စုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ကျေးရွာရှိဘုရားစေတီပုထိုးများ၊ တံတားဦးဘုန်းတော်ကြီးကျောင်း၊ ပဒေသာဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများ၊ ဥာနဆိုင်ရာအဆောက်အအုံများ၊ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းနှင့် ခြံဝင်းများအတွင်း၌အခြေပြု၍ ဘန်ကာများ၊ သဲအိတ်များ၊ ကတုတ်ကျင်းများဖြင့် အခိုင်အမာ ခံစစ်တည်ဆောက်ပြီး ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ တန်ဆောင်းများနှင့် စာသင်ကျောင်းများကို အကာအကွယ်ရယူ၍ ခုခံတိုက်ခိုက်ခြင်း၊ ကျေးရွာတံတားအား ဖောက်ခွဲဖျက်ဆီးပြီး အကာအကွယ်ပြုလုပ်ထားခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းများနှင့် ကျေးရွာလမ်းများ၌ လက်လုပ်မိုင်းများ ထောင်ထားခြင်းတို့ လုပ်ဆောင်ထားသည်ကိုတွေ့ရှိခဲ့ရကြောင်းနှင့် ကျေးရွာအတွင်း၌ လက်လုပ်မိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား အဓိကထား ဖောက်ခွဲဖျက်ဆီးခြင်း၊ အဆိုပါနေရာများ သာမက ပြည်သူများအထွတ်အမြတ်ထားရာ ဘာသာတရားအသီးသီးအတွက် အလေးအမြတ်ထားရာနေရာများဖြစ်သည့်

**စာမျက်နှာ ၂၃ သို့ →**

# ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ငွေကျပ် ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများဖမ်းဆီးရမိ




**မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်။**

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များဖြစ်သည့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၃၇၀ မှုမှ တရားခံ ၇၅၆၂ ဦးတို့ကို ငွေကျပ် ၁၇၆၁ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ ဘိန်း ၁ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ သန်းကျော်၊ အိုက်စ် ၃၇ ဒသမ ၈ တန်ကျော်၊ ဘိန်းစာရွက် ၁ ဒသမ ၅ တန်ကျော်၊ HAPPY WATER ၂၀၄ ကီလိုကျော်၊ ကက်တမင်း ၁၅ တန်ကျော် အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မောင်းပြန်ရိုင်ဖယ် ၂ လက်၊ ပစ္စတိုသေနတ် ၄၀ လက်၊ လုပ်သေနတ် ၂ လက်၊ ကျည်မျိုးစုံ ၂၇၆၄ တောင့်၊ လက်ပစ်ဗုံး ၅ လုံးနှင့် ဒီတိုနေတာမျိုးစုံ ၁၈၇၄၀၀ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရှိရသည်။

အလားတူ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း Caffeine ၂၂ ဒသမ ၇ တန်ကျော်၊ Acetone ၉၆၀ လီတာ၊ Toluene ၅၀၄၀ လီတာကျော်၊ Ammonium Chloride ၅ တန်၊ Sodium Cyanide ၂ တန်ကျော်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် Sodium Carbonate ၅ တန်၊ Acetic Acid ၂၅၆၀၀ လီတာကျော်၊ Nitric Acid ၃၈၂၀ လီတာအပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများကိုဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ ပုံတတ်ကျေးရွာအနီး၌ ဘိန်းချက်စခန်း ၁ ခုအား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲ(အောက်)ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်း ၂ ခုအား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ဝမ်ကောင်းမွန်ကျေးရွာရှိနေအိမ်မှ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရှိရသည်။



**ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၂ ဒသမ ၅ တန် ဖမ်းဆီးရမိမှုမှတ်တမ်း။**

### ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှု

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၉၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၁၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစာရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၁ | တန် |
| ၇ | ဘိန်းစာမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၃၀၁ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၆.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| ၁၁ | အခြားမူးယစ်ဆေးဝါး | ၁၀၅ | - | ၁၃၇ | - | - |
| ၁၂ | Caffeine | ၇ | ၂၄.၁ | ၇ | ၂၂.၇၅ | တန် |
| ၁၃ | Ammonium Chloride | - | - | ၃ | ၅ | တန် |
| ၁၄ | Sodium Cyanide | ၆ | ၃၀.၇ | ၅ | ၂.၃၄၆ | တန် |
| ၁၅ | Toluene | ၁ | ၄၄၀ | ၃ | ၅၀၄၀.၅ | လီတာ |
| ၁၆ | Acetic Acid | - | ၇၂၅ | ၁ | ၂၅၆၉၉ | လီတာ |
| ၁၇ | Nitric Acid | ၄ | ၄၉၂၆၀ | ၄ | ၃၈၂၀ | လီတာ |
| ၁၈ | အခြားဓာတုပစ္စည်းများ | ၆၆ | | ၁၆ | | |
| အမှုပေါင်း | | ၅၅၉၃ | | ၅၃၇၀ | | |
| တရားခံပေါင်း | | ၇၈၂၈ ဦး | | ၇၅၆၂ ဦး | | |
| မြန်မာငွေကျပ်(ဘီလီယံ) | | ၉၉၈.၆၀၄ | | ၁၇၆၁.၃၂၄ | | |

ထို့ပြင် ၂၀၂၅-၂၀၂၆ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ ဘိန်းစိုက်ခင်း စုစုပေါင်း ၅၀၈၄ ဒသမ ၅ ဧက (၂၀၅၇ ဒသမ ၆၆ ဟက်တာ)ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




**၂၀၂၅ ခုနှစ်အတွင်း ဘိန်းချက်စခန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းများဖော်ထုတ်ဖမ်းဆီးရမိမှု။**



**၂၀၂၅ -၂၀၂၆ ခုနှစ်၊ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများဖျက်ဆီးမှုမှတ်တမ်း။**

---

**➜ စာမျက်နှာ ၂၂ မှအဆက်**

ဘာသာရေးအဆောက်အအုံများအထိပါ ဘန်ကာများတည်ဆောက်၍ အကာအကွယ်အဖြစ် ခုခံတိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိရာ အဆိုပါအကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့သည့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်အပေါ်ယုံကြည်ကိုးစားမှု၊ စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများပြုလုပ်လာကြကြောင်းနှင့် တပ်မတော်အနေဖြင့်လည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏လူမှုဘဝတိုးတက်မြင့်မားမှုများပြန်လည်ရရှိစေရေးအတွက် ပြည်သူလူထုနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

**စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားအား ဖျက်ဆီး၍ ခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။**



## ဩစတြေးလျနိုင်ငံ၌ တောမီးများ ရက်သတ္တပတ်များစွာ ဆက်လက် လောင်ကျွမ်းနိုင်

ဆစ်ဒနီ၊ သဘာဝဘေး

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း၌ လောင်ကျွမ်းနေသောတောမီးများသည် ရက်သတ္တပတ်ပေါင်းများစွာ ဆက်လက် လောင်ကျွမ်းနိုင်ကြောင်းနှင့် ယင်းတောမီးကိုထိန်းချုပ်နိုင်ရန် မီးသတ်သမားများက ရက်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၁၁ ရက်တွင် သတိပေးလိုက်သည်။

ဗစ်တိုးရီးယားပြည်နယ်၌ ပြီးခဲ့သည့် ရက်ပိုင်းမှစတင်၍ တောမီးများအပြင်းအထန်လောင်ကျွမ်းရာ မြေဧရိယာဟက်တာ ၃ သိန်းကျော်ပျက်စီးပြီး လူနေအိမ်များ အပါအဝင် အဆောက်အအုံ ၁၃၀ ကျော် မီးလောင်ဆုံးရှုံးသည်။ ထို့ပြင် နေအိမ်ထောင်ပေါင်းများစွာတွင်လည်း လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိသည်။

လက်ရှိတွင် ဗစ်တိုးရီးယားပြည်နယ်၌ တောမီးအန္တရာယ်ကြောင့် ပြည်နယ်တစ်ခုလုံးတွင် မီးမရှို့ရအမိန့်ထုတ်ပြန်ထားပြီး မီးသတ်သမား ထောင်ပေါင်းများစွာက လေယာဉ်အစင်းရေ ၇၀ ကျော်ဖြင့် မီးငြိမ်းသတ်လျက်ရှိသည်။ Ref: RTA

## ကျူးဘားအနေဖြင့် ရေနံ သို့မဟုတ် ငွေကြေးထောက်ပံ့မှုမရတော့ဘဲ အမေရိကန်နှင့်သဘောတူညီချက်ရယူရန် ထရမ့်သတိပေး




ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ထရမ့်က ကျူးဘားနိုင်ငံအနေဖြင့် ဗင်နီဇွဲလားနိုင်ငံမှ ရေနံ သို့မဟုတ် ငွေကြေးထောက်ပံ့မှုကိုရရှိတော့မည်မဟုတ်ကြောင်းနှင့် အမေရိကန်နှင့်သာ သဘောတူညီချက်တစ်ရပ် အမြန်ဆုံးရယူသင့်ကြောင်းတိုက်တွန်းသည့်သတိပေးချက်ကို ဇန်နဝါရီလ ၁၁ ရက်တွင် ထုတ်ပြန်လိုက်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးပြီးနောက် ဗင်နီဇွဲလားနိုင်ငံမှ ကျူးဘားသို့ ပေးပို့နေသော ရေနံနှင့် ငွေကြေးထောက်ပံ့မှုများကို အမေရိကန်က ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။ ကျူးဘားသို့ ရေနံနှင့် ငွေကြေးထပ်မံပေးပို့တော့မည်မဟုတ်ကြောင်း၊ သုညအထိလျှော့ချမည်ဖြစ်ကြောင်း ထရမ့်က ၎င်း၏လူမှုကွန်ရက်တွင် ရေးထားသည်။

ကျူးဘားနိုင်ငံသည် နှစ်များစွာကြာအောင် ဗင်နီဇွဲလားမှ ရေနံနှင့်ငွေကြေးများအပေါ် အမှီပြု၍ ရှင်သန်ခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းကထောက်ပြသည်။ လက်ရှိတွင် အမေရိကန်၏ ဖိအားပေးမှုကြောင့် ဗင်နီဇွဲလား ယာယီသမ္မတသည် ရေနံများကို အမေရိကန်သို့သာ လွှဲပြောင်းပေးပို့နေရပြီဖြစ်သည်။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့များ၏အစီရင်ခံစာအရ ကျူးဘားနိုင်ငံသည် လျှပ်စစ်မီးပြတ်တောက်ခြင်း၊ ကုန်သွယ်ရေးပိတ်ဆို့မှုများနှင့် စိုက်ပျိုးရေးကဏ္ဍအခက်အခဲများကြောင့် စီးပွားရေးအရ အလွန်အမင်းကျပ်တည်းနေစဉ် ရေနံထောက်ပံ့မှုကိုပါဆုံးရှုံးလိုက်ရခြင်းသည် ၁၉၅၉ ခုနှစ်နောက်ပိုင်း ကျူးဘားအစိုးရအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ခုဖြစ်လာကြောင်းသိရသည်။ Ref: ST

## ဘန်ကောက်မြို့တွင် လေထုညစ်ညမ်းမှု အန္တရာယ်ရှိအဆင့်သို့ ရောက်ရှိနိုင်

ဘန်ကောက်၊ ရာသီဥတု

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လာမည့်ရက်များအတွင်း လေထုအတွင်းရှိ အမှုန်အမွှား (PM2.5) ပမာဏမြင့်တက်လာပြီး လေထုညစ်ညမ်းမှုသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိအဆင့်သို့ ရောက်ရှိနိုင်ကြောင်း မြို့တော်တာဝန်ရှိသူများက ဇန်နဝါရီလ ၁၁ ရက်တွင် သတိပေးလိုက်သည်။

ဇန်နဝါရီလ ၁၂ ရက်မှ ၁၅ ရက်အတွင်း ခရီးသွားလာမှု လျှော့ချနိုင်ရေးအတွက် ဝန်ထမ်းများကို နေအိမ်မှသာအလုပ်လုပ်ရန် မေတ္တာရပ်ခံထားပြီး မြို့တွင်းသို့ ကုန်တင်ကားကြီးများ ဝင်ရောက်မှုကိုလည်း ကန့်သတ်သွားမည်ဖြစ်သည်။

အလားတူ တာဝန်ရှိသူများသည် မော်တော်ယာဉ်များ၏ မီးခိုးငွေ့ထုတ်လွှတ်မှု စစ်ဆေးခြင်းကိုလည်း ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ပြည်သူများအနေဖြင့် လိုအပ်၍အပြင်ထွက်ရပါက နှာခေါင်းစည်းများတပ်ဆင်ကြရန် ကျန်းမာရေးတာဝန်ရှိသူများက နှိုးဆော်ထားသည်။ Ref: ST

## မြောက်ကိုရီးယားကို ရန်စရန် အစီအစဉ် မရှိဟု တောင်ကိုရီးယား သမ္မတရုံးက ထပ်လောင်းအတည်ပြု

ဆိုး၊ နိုင်ငံရေး

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို ရန်စရန် သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေရန် မည်သည့်ရည်ရွယ်ချက်မျှမရှိကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဇန်နဝါရီလ ၁၁ ရက်တွင် ထပ်လောင်းအတည်ပြုလိုက်သည်။

မြောက်ကိုရီးယားဘက်က ၎င်းတို့၏ပိုင်နက်အတွင်းသို့ တောင်ကိုရီးယားမှ ဒရုန်းများ ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု စွပ်စွဲကာ ရှင်းလင်းချက်တောင်းခံပြီးနောက် တောင်ကိုရီးယားသမ္မတရုံးက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် လတ်တလောဖြစ်ပွားခဲ့သော ဒရုန်းကျူးကျော်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဘက်နှင့် ရဲတပ်ဖွဲ့ပူးပေါင်းကာ အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး ရရှိလာသည့် ရလဒ်များကိုလည်း ပွင့်လင်းမြင်သာစွာ အမြန်ဆုံးထုတ်ပြန်မည်ဟုဆိုသည်။ Ref: YH

## အမေရိကန်၏ တိုက်ခိုက်မှုမှန်သမျှကို လက်တုံ့ပြန်မည်ဟု အီရန်သတိပေး



တီဟီရန်၊ စစ်ရေး

အမေရိကန်က အီရန်ကို တိုက်ခိုက်မှုပြုလာပါက အစ္စရေးနိုင်ငံနှင့် ဒေသတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို တရားဝင်ပစ်မှတ်များအဖြစ် သတ်မှတ်ကာ ပြန်လည်တိုက်ခိုက်သွားမည်ဟု အီရန်က ဇန်နဝါရီလ ၁၁ ရက်တွင်သတိပေးလိုက်သည်။ အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘာကေကာလီဘတ်က အမေရိကန်အစိုးရသို့သတိပေးချက်ကို လွှတ်တော်၌တိုက်ရိုက်ပြောခဲ့ခြင်းဖြစ်သည်။

လက်ရှိအီရန်နိုင်ငံတစ်ဝန်း၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ပေါ်ပေါက်လျက်ရှိပြီး ထိုလှုပ်ရှားမှုများကို အားပေးကူညီရန် အမေရိကန်က ကြားဝင်စွက်ဖက်လာနိုင်ခြေအပေါ် အစ္စရေးကလည်း အထူးသတိထားစောင့်ကြည့်နေသည်။ အကယ်၍အမေရိကန်ဘက်က စစ်ရေးအရခြေလှမ်းပြင်လာလျှင် ဒေသတွင်းတင်းမာမှုများမှာ ပိုမိုမြင့်တက်လာနိုင်သည့် အခြေအနေတွင်ရှိသည်။

အီရန်အစိုးရအနေဖြင့် ၎င်းတို့၏အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာမည့် မည်သည့်လုပ်ရပ်ကိုမဆို လက်တုံ့ပြန်ရန် အသင့်ရှိကြောင်း ပြတ်ပြတ်သားသားထုတ်ဖော်ပြောဆိုထားသည့်အတွက် နိုင်ငံတကာက ဤအခြေအနေကို စိုးရိမ်တကြီးစောင့်ကြည့်နေသည့်အပြင် ထရမ့်အစိုးရ၏အရှေ့အလယ်ပိုင်းမူဝါဒနှင့် အီရန်၏ တုံ့ပြန်မှုများကြောင့် ဒေသတွင်းစစ်မီးတောက်မည်ကို စိုးရိမ်မှုများမြင့်တက်နေသည်။ Ref: RTA

## ဆိုးမြို့ရှိ ကျောင်းသားအားလုံးနီးပါး AI ကိုအသုံးပြုနေ AI အပေါ်မှီခိုအားကိုးလာမည်ကို ဆရာများစိုးရိမ်

ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံ ဆိုးမြို့ရှိကျောင်းသားများအားလုံးနီးပါးသည် AI ကိုအသုံးပြုလာနေကြောင်း ဇန်နဝါရီလ ၁၁ ရက်တွင် ထုတ်ပြန်သည့် စစ်တမ်းတစ်ခု၌ဖော်ပြထားသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ၉၅ ရာခိုင်နှုန်းခန့်သည် Generative AI နည်းပညာကို အသုံးပြုကြောင်း စစ်တမ်းအသစ်တွင်ဖော်ပြထားသည်။ ဆိုးပညာရေးသုတေသနနှင့် သတင်းအချက်အလက်ဌာနကပြုလုပ်သော အဆိုပါစစ်တမ်းတွင် ကျောင်းသား ၂၆၀၀၀ ကျော်ကို မေးမြန်းခဲ့ရာ ၎င်းတို့သည် ChatGPT နှင့် Gemini ကဲ့သို့သော AI ကိရိယာများကို အသုံးများနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သို့သော် ဆရာ၊ ဆရာမ ၉၀ ရာခိုင်နှုန်းကျော်က ကျောင်းသားများသည် AI အပေါ် အလွန်အကျွံအားကိုးလာမည်ကို စိုးရိမ်နေသည်။ ကျောင်းသားများသည် သတင်းအချက်အလက်များကို ဝေဖန်ပိုင်းခြားနိုင်စွမ်းလျော့နည်းလာပြီး သူတစ်ပါး၏ အကြံဉာဏ်ကို ခိုးယူအသုံးပြုသူများဖြစ်လာနိုင်သည်ဟု ဆရာများက ထောက်ပြသည်။

AI ကို အသုံးပြုသည့် ကျောင်းသားများအနက် ၈၀ ရာခိုင်နှုန်းခန့်သည် ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုနေခြင်းဖြစ်သည်။ အထူးသဖြင့် ကိုရီးယားဘာသာစကားနှင့် အင်္ဂလိပ်စာကဲ့သို့သော ဘာသာရပ်များတွင် ပိုမိုအသုံးများကြောင်း တွေ့ရှိရသည်။ Ref: ST



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး[ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်]

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာအချက်အလက်များကို စုစည်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်သမိုင်းဘာသာရပ်မေးခွန်းဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်မှ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သော အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာ တစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်ပါသည်။ ဒါ့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်နေကြတဲ့ ကျောင်းသား ကျောင်းသူများအတွက် မမေ့သင့်တဲ့ အဓိကအချက်များကို စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကတစ်ဆင့် စာမေးပွဲအတွက် သေချာစွာပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်မည်လို့ ယုံကြည်ပါတယ်။**

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ် (၁၈၅၂-၁၈၅၃)အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၈၅)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နှင့် ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံ တစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်(ပဲခူးနယ်) တို့ကိုပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာစတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင်အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကိုလိုလားသူများနဲ့ တွဲရေးကိုလိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် အပြောင်းအလဲများစွာဖြစ်ခဲ့တယ်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသဖူလုံသည့် စိုက်ပျိုးရေးမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ကူးသန်းရောင်းဝယ်ရေးအခြေပြု စိုက်ပျိုးရေးသို့ ပြောင်းလဲလာခဲ့တယ်။ အင်္ဂလိပ်အစိုးရသည် ဆန်စပါးထုတ်လုပ်မှုအား ပိုမိုအထောက်အပံ့ပြုခဲ့တယ်။ သစ်လုပ်ငန်းမှာလည်း ဗြိတိသျှကုမ္ပဏီများက သစ်များကို ခုတ်ယူခဲ့သည့်အတွက် သစ်တောဥပဒေထုတ်ပြန်ပြီး သစ်တောဌာနကို တည်ထောင်ပေးခဲ့တယ်။ ရေနံလုပ်ငန်းမှာတော့ BOC ကုမ္ပဏီက ဦးဆောင်ခဲ့တယ်ဆိုတာ သေသေချာချာလေ့လာထားသင့်တယ်။ သတ္တုနှင့်သယံဇာတလုပ်ငန်းမှာ နမ္မတူဘော်တွင်းမိုင်း၊ မိုးကုတ်ပတ္တမြားတွင်း၊ ရွှေဘိုကျောက်မီးသွေးတွင်းတို့ဟာ အင်္ဂလိပ်ကုမ္ပဏီများ အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့တယ်။ ဗြိတိသျှကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးမှာ ဈေးကွက်ကို ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်တွင်းလက်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရတယ်။ မီးရထား၊ မီးသင်္ဘော၊ ကားလမ်းများကို တိုးချဲ့လာနိုင်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ပိုမိုလွယ်ကူလာစေခဲ့သော်လည်း စီးပွားရေးအမြတ်အစွန်းများဟာ အင်္ဂလိပ်တို့အတွက်သာ ရရှိခဲ့တယ်ဆိုတာ သိထားရမယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီလေးခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက လည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီက လည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လည်းကောင်း လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သေသေချာချာ လေ့လာထားဖို့လိုတယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်နေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု သင်ခန်းစာများကို ထည့်သွင်းထားလို့ ဒီသင်ခန်းစာတွေကိုလည်း လေ့လာထားရမယ်။ ဂျပန်ခေတ်အုပ်ချုပ်ရေးကိုလေ့လာတဲ့အခါမှာ ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် ကြားကာလကို ခေါ်ဆိုတာဖြစ်ကြောင်း သိထားဖို့လိုတယ်။ ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မကြာမီမှာပဲ ဒေါက်တာဘမော်ဦးဆောင်တဲ့ ယာယီအစိုးရကိုဖွဲ့စည်းခဲ့တယ်။ ၁၉၄၃ ခုနှစ် ဇွန်လမှာ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ဩဂုတ် ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဂျပန်တို့ပေးတဲ့ လွတ်လပ်ရေးဟာ အတုအယောင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်မှာသာရှိကြောင်း တွေ့ရတယ်။ ဂျပန်ခေတ်မှာ တန်ခိုးအာဏာအရှိဆုံးသူတို့မှာ ကင်ပေတိုင်ဂျပန်စစ် ပုလိပ်များသာဖြစ်တယ်။

ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်လို့ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်းများ ထုတ်လုပ်မှုကျဆင်းသွားတာတွေ့ရတယ်။ ဂျပန်တို့က စီးပွားရေးကို ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်မရှိ ငွေစက္ကူများထုတ်ဝေခဲ့တဲ့အတွက် ပြည်သူများ၏ လူနေမှုဘဝကျဆင်းခဲ့ရတယ်။ ဂျပန်ခေတ်စီးပွားရေးဟာ မြန်မာပြည်သူများအတွက် အကျိုးမဖြစ်ဘဲ ဂျပန်တို့အတွက်သာ အသုံးချသောစီးပွားရေးစနစ်ဖြစ်ခဲ့တယ်လို့ ဆိုနိုင်တယ်။

ဂျပန်ခေတ်မှာ ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့အတွက် မြန်မာပြည်သူများ သေဆုံးခဲ့ရတယ်။ သေဆုံးသူများပြားခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဆိုပြီး သမိုင်းတွင်ခဲ့တယ်။ ဂျပန်ခေတ်ပညာသင်ကြားရေးစနစ်ကို လေ့လာတဲ့အခါ မဟာအရှေ့အာရှသာတူညီမျှ ကောင်းစားရေးအတွက်ဖြစ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာအာဏာပိုင်တို့ကလည်း စာသင်ကျောင်းများမှာ ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းစေခဲ့တယ်။ ဂျပန်ခေတ်မှာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာအဆောက်အအုံနှင့် ဆေးဝါးချို့တဲ့မှုကြောင့် ကပ်ရောဂါဖြင့် သေဆုံးသူအရေအတွက်လည်း များပြားခဲ့ပါတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈-၁၉၆၂)ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရ

စာမျက်နှာ ၂၆ သို့ ⇨

⇨ စာမျက်နှာ ၂၅ မှအဆက်

အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်(ဒါမှမဟုတ်) ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု(ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့အုပ်ချုပ်ရေးပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု(ပထစ)အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိကာလကို တော်လှန်ရေးကောင်စီခေတ်လို့ ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို သေသေချာချာမှတ်ထားရမယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ် စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီးပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့်ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့်လမ်းအစီအစဉ်-ဘီအာအိုင်ကိုလည်းသိဖို့ လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ရာတွင် အဓိကဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မှာလိုတာကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းဖတ်စာအုပ်ကို စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားရန် အရေးကြီးပါတယ်။ သမိုင်းဘာသာကို လေ့လာရာတွင် သင်ခန်းစာတစ်ခုတည်းကိုသာ ရွေးချယ်မလေ့လာဘဲ သင်ခန်းစာအားလုံးကို လေ့လာသိရှိထားဖို့ လိုပါတယ်။ သမိုင်းကို နားလည်သဘောပေါက်ဖို့အတွက် သင်ခန်းစာတိုင်းရဲ့ အဓိကအချက်များ၊ သမိုင်းစဉ်အချိတ်အဆက်များကို သေချာဖော်ထုတ်၍ လေ့လာသိရှိထားခြင်းက အထူးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုချိန်မှာလည်း မေးခွန်းအကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ တိကျသေချာစွာဖြေဆိုရန်လိုအပ်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအားလုံး ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁-၂၀၂၆ | ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၄၄၀ | ၂၄၀၅ | ၂၃၄၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၈၀ | ၂၃၉၅ | ၄၅၀၅ | ၂၆၉၀ | ၂၄၁၅ | ၂၅၅၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၇၅ | ၂၇၃၀ |
| 95 Ron | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | ၄၅၆၀ | ၂၇၄၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၅၀ | ၂၂၁၅ | ၂၁၅၀ | ၂၂၅၅ | ၂၂၇၀ | ၂၂၉၀ | ၂၂၁၀ | - | ၂၅၀၀ | ၂၂၂၅ | ၂၇၅၅ | ၂၂၉၅ | ၂၂၆၀ | ၂၂၈၅ | ၂၅၄၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၆၆၀ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၇၀၀ | ၂၆၁၅ | ၄၈၃၀ | ၂၉၁၀ | ၂၆၃၅ | ၂၇၇၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၅၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၆၆၀ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၇၀၀ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၅ | ၂၇၇၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၅၃ |
| 95 Ron | ၂၂၂၈ | ၂၃၀၆ |
| HSD (500 ppm) | ၁၉၉၃ | ၂၀၆၂ |
| HSD (50 ppm) | ၂၃၈၈ | ၂၄၆၆ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



၈-၁-၂၀၂၆ ရက်တွင် နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းပိုက်ရရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ကာကင်းနေရာကိုတွေ့ရစဉ်။



၉-၁-၂၀၂၆ ရက်တွင် နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံး ပစ္စည်းများကို တွေ့ရစဉ်။

▼ ကျောဖုံးမှအဆက်

နှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မိုင်းဟာဒေသ အတွင်း အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပ နိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများပြုလုပ်ရာတွင်အသုံးပြု သည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရရှိမှု သတင်းအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့ အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံ သားများနှင့်အွန်လိုင်းလိမ်လည်လောင်းကစား



နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ် သည့်နေရာနှင့်လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။




နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာရှိ ဘက်ဟိုး ၁ စီးကိုတွေ့ရစဉ်။



နမ့်လန်ဒေသ၊ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ၌တွေ့ရှိရသည့် SSA တံဆိပ်ပါယူနီဖောင်းနှင့်အသုံးအဆောင် ပစ္စည်းများကို တွေ့ရစဉ်။

မှုများပြုလုပ်ရာတွင်အသုံးပြုသည့်ဆက်စပ် ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ မြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်း လိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ အား ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်းတရားမဝင်အွန်လိုင်း လိမ်လည်လောင်းကစားမှုများ အခြေပြု လုပ်ကိုင်ခြင်းမရှိစေရေးအတွက် မြေပြင် သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ



၁၀-၁-၂၀၂၆ ရက်နေ့တွင် မိုင်းရယ်မြို့၊ မန်ဖြတ်ကျေးရွာအနီးသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



မိုင်းရယ်မြို့၊ မန်ဖြတ်ကျေးရွာအနီးသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ် သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်း များကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဆက်လက်ဖော်ထုတ် ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်လန်ဒေသအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်သောစစ်ကြောင်းသည် ဇန်နဝါရီလ ၈ ရက် ညပိုင်းတွင် နားလင်း၏ အနောက် မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ကာကင်းအဖြစ် နေရာယူထား သည့် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့်စတင်ပစ်ခတ်တိုက်ခိုက် ခဲ့သဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ အဆိုပါနေရာ၌ ယာယီမိုးကာတဲ ၅ လုံး၊ ပစ်ကျင်းများ၊ ရှေ့ထွက်မိုင်း ၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ မောင်းတံပါ ဂိတ်ကင်း ၁ ခုတို့ကို တွေ့ရှိ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းအနေဖြင့်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများအား ထက်ကြပ်လိုက်လံ ရှင်းလင်းခဲ့ရာ ဇန်နဝါရီလ ၉ ရက် မွန်းလွဲ ၁ နာရီ ၃၀ မိနစ်ခန့်တွင် သီပေါမြို့နယ်၊ နားလင်းကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၉၀၀၀ ခန့်အကွာနေရာသို့ အရောက် ၌ အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အလျား ၄၀ ပေ၊ အနံ ၃၀ ပေရှိ သွပ်မိုးသွပ်ကာ လူနေအဆောက်အအုံ ၂ လုံးအတွင်းမှ ကွန်ပျူတာ (Laptop) ၁၈ လုံး၊ ကွန်ပျူတာ (Desktop) ၃၅ လုံး၊ ဖုန်းမျိုးစုံ ၁၁ လုံး၊ Star Link ၅ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ သည်။

ထို့နောက်ပူးပေါင်းအဖွဲ့များပါဝင်သည့် စစ်ကြောင်းသည် နယ်မြေရှင်းလင်းခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါနေရာ၏ အရှေ့ဘက် မီတာ ၈၀၀ ခန့်အကွာသို့ရောက်ရှိစဉ် မူးယစ် ဆေးဝါးချက်လုပ်သည့်နေရာတစ်ခုကိုတွေ့ရှိ သဖြင့် ဝင်ရောက်ရှင်းလင်းစစ်ဆေးရာ

စာမျက်နှာ ၂၈ သို့ ▼



၁၁-၁-၂၀၂၆ ရက်နေ့တွင် မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် စိစစ်ဆဲ အဖြူရောင်အမှုန့်များ ထုပ်ပိုးထားမှုကို တွေ့ရစဉ်။







မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

▼ စာမျက်နှာ ၂၇ မှအဆက်

ကွန်ပျူတာ(Laptop) ၁၁ လုံးနှင့် ကွန်ပျူတာ (Desktop) ၆ လုံး၊ Star Link ၃ လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆေးပြားရိုက်စက် ၂ လုံး၊ ဆေးမွှေစက် ၁ လုံး၊ ဆေးပြားရေတွက်စက် ၁ လုံး၊ အိုက်စ် ၂ ကီလိုဂရမ်၊ ဆေးပြားရိုက်ရန် ရောစပ်ထားသည့်အနှစ် ၁၀ ကီလိုဂရမ်ပါ ပုံး ၁ ပုံး၊ ဖန်ပြွန်အရိုး ၁ ခု၊ မူးယစ်ဆေးဝါးချက်လုပ်ရန် ရောစပ်ထားသည့် အရည် ၁၀ လီတာ ပုံး ၁ ပုံး၊ Caustic Soda ၂၅ ကီလိုဂရမ်၊ Sodium Powder ၂၅ ကီလိုဂရမ်ပါ ၃၀ လုံး၊ မော်တော်ယာဉ် ၁ စီး၊ မီးစက် ၂ လုံး၊ ဘက်ဟိုး ၁ စီး၊ SSA တံဆိပ်ပါ အစိမ်းရောင်ယူနီဖောင်း ၁ စုံ၊ အပွင့် ၂ ပွင့်ပါ ပခုံးတံဆိပ် ၁ စုံ၊ SSA တံဆိပ်ပါ အစိမ်းရောင်ဦးထုပ် ၁ လုံး၊ အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များအရ လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး မိုင်းရယ်မြို့နယ်အတွင်း မသင်္ကာဖွယ် နေရာ ၃ ခုအား ဖော်ထုတ်တွေ့ရှိခဲ့ရသဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သောစစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၂၆၀၀၀ မီတာခန့်အကွာ၊ မန်ဖြတ်ကျေးရွာအနီး ပထမနေရာတွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ယာယီတဲ ၁၄ လုံး၊ အလျား ၁၀၀ ပေ၊ အနံ ၂၅ ပေရှိ အဆောက်အအုံ ၆ လုံး၊ ပလတ်စတစ်ပီပါခွံ ၁၂၀ လုံး၊ ဓာတုဆေးရည်များထည့်ထားသည့် သံပီပါ ၂၀ လုံး၊ သံပီပါခွံ ၃၀ လုံး၊ ဂက်စ်အိုး ၆၀ လုံး၊ စတီးပေါင်းအိုးကြီး ၄ လုံး၊ အင်ဂျင်ကြီး ၂ လုံး၊ အက်စစ်ပါ ပလတ်စတစ်ပီပါ ၆၇ လုံးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။





ဖမ်းဆီးရမိတရားခံများ၏မှတ်တမ်းဓာတ်ပုံ။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပီပါများကိုတွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကိုတွေ့ရစဉ်။







မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကိုတွေ့ရစဉ်။

အလားတူ ဇန်နဝါရီလ ၁၁ ရက် နံနက် ၇ နာရီ ၃၀ မိနစ်ခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မီတာ ၂၀၀၀၀ ခန့် အကွာရှိ ဒုတိယနေရာ၌ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင်အသုံးပြုသည့် အလျား ၁၅ ပေ၊ အနံ ၂၀ ပေရှိ ပလတ်စတစ်ကာ အဆောက်အအုံ ၅၀ လုံး၊ ဖျက်ဆီးထားသည့် အဆောက်အအုံ ၁၅ လုံး၊ ဂက်စ်အိုး ၆၀၀ လုံး၊ ရေခဲသေတ္တာ ၁၀ လုံး၊ မီးစက် ၃ လုံး၊ ပေါင်းအိုးအကြီး ၃ လုံး၊ ဆေးပြားရိုက်စက် ၃ လုံး၊ ဓာတုဆေးရည်ထည့်ထားသည့် ပီပါ ၅၀၀ လုံး၊ မူးယစ်ဆေးမှုန့်များဟုယူဆရသည့် အဖြူမှုန့်များထည့်ထားသည့် ဆာလာအိတ် ၃၀၀ အိတ်၊ ပလတ်စတစ်အိတ် အကြည် ၃၀၀ အိတ်၊ ၅ ဂါလန်ဆံ့ အက်စစ်ပုံး ၃၀၀ လုံး၊ စတီးဇန်းကြီး ၆ ချပ်၊ အမျိုးအစား (စိစစ်ဆဲ)

စာမျက်နှာ ၂၉ သို့▼

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ


တရားမဝင် ငါးဖမ်းရေယာဉ်




၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကိုထိရောက်စွာဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သတင်းမှန် (၅၈)ကြိမ်ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၁၀၄)မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးကျပ် ဖြ၆၈၄ ဒသမ ၉၃၇ သန်း နှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်သစ်မျိုးစုံနှင့် ခဲသတ္တုများအပြင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် ပြည် တွ င်းစိုက် ပျိုး ထုတ် လုပ် မှု များ၊ သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ခြင်းကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/ တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့် မှန်းတန် ဖိုးကျပ် ဖြ၆၈၄ ဒသမ ၉၃၇ သန်း၏ ၂၀% ဖြစ်သောကျပ် ၁၃၃၆ ဒသမ ၉၈၇ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း -၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိပါသည်။

**မြဝတီ**

# တရားမဝင် သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်**တွင် ဘားအံမြို့နယ်၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၅၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ ဒုံသမိတံတား၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၆)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၁၅၀၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


တရားမဝင်သစ်များ

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၄ ရက်**တွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နှင့် ၂၆ ရက်**တို့တွင် ကျောက်ဆည်မြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် မီးသွေး (၄၅)ပေါင်ဝင် အိတ်(၇၀)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀)နှင့် အဆိုပါမီးသွေးများတင်ဆောင်လာသည့် လိုင်စင်ရှိ Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၆၇၂)တန်၊ အခြားသစ် (၁၅ ဒသမ ၀၀၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၂၀၅၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့်လိုင်စင်မဲ့တူးကရောင်းမော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၉၅၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁ ရက်နှင့် ၃ ရက်**တို့တွင် သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၁)စီး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan AD Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ဝန်စည်အတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၂၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၅၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ၂၆ ရက်၊ ၃၁ ရက်နှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ ၃ ရက်၊ ၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၇၄၅၅၀၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်ပို့/တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**မြဝတီ**

▼ **စာမျက်နှာ ၂၈ မှအဆက်**

အဖြူရောင်အမှုန့်များပါဝင်သည့် စက္ကူဖြာ ၃၀ ပုံး၊ ဆာလာအိတ်ဖြင့် ထည့်ထားသည့် (စိစစ်ဆဲ)အဖြူရောင်အမှုန့် ၃၀၀ ထုပ်၊ ဆိုင်ကယ် ၅ စီး၊ အဆိုပါမူးယစ်ဆေးဝါးလုပ်ငန်းများတွင် SSA အဖွဲ့မှ ပါဝင်ပတ်သက်နေသူများအပါအဝင် တရားခံ ၆ ဦးတို့အား SSA တံဆိပ်ပါ ယူနီဖောင်းနှင့် တံဆိပ်များအပါအဝင် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် မီတာ ၁၉၀၀ ခန့်အကွာတွင်မူးယစ်ဆေးဝါး အဓိကချက်လုပ်သည့်နေရာဟုယူဆရသော (၇)နေရာပတ်ဝန်းကျင်သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲနှင့် ဆက်စပ်ပစ္စည်းထားသည့် ဂိုဒေါင် ၃၃ လုံးအားတွေ့ရှိရပြီး လတ်တလော စိစစ်ပြီးအချိန်အထိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဂက်စ်အိုးမျိုးစုံ ၄၄၃ လုံး၊ ဖိုက်ဘာပီပါ ၁၃၁၂ လုံး၊ သံပီပါ ၃၃၆ လုံး၊ သုံးဘီးဆိုင်ကယ် ၂ စီး၊ Caustic Soda ၈၅ အိတ်၊ Sodium Acetate Trihydrate 20 kg ပါအိတ် ၄ အိတ်စီပါရှိသည့် ပီပါ ၄ လုံး၊ Sulphonic Acid Liquid ပီပါ ၂၁ လုံး၊ တင်ဒါပီပါ ၈ လုံး၊ အမျိုးအမည် (စိစစ်ဆဲ) အညိုရောင်ပီပါ ၅ လုံး၊ ဖန်အိုး (အသေး) ၅၂၅ လုံး၊ ဖန်ပေါင်းအိုးကြီး ၁၀ လုံး၊ Ethnol ပီပါ ၄၀ လုံး၊ အဖြူရောင်အနှစ်များ ထည့်သွင်းထားသည့် စတီးဇလုံ ၁၅၀ လုံး၊ အခြောက်ခံဗန်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကျန်ရှိသည့်ပစ္စည်းများကိုလည်း ဆက်လက်စိစစ်ဖော်ထုတ်ဆဲဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လိုအပ်သည့်ပဏာမစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ (Heroin) နှင့် မက်သ်အဖက်တမင်း (Methamphetamine) များထုတ်လုပ်နေခြင်းဖြစ်ကြောင်း ကနဦးဖော်ထုတ်တွေ့ရှိရပြီး အသေးစိတ်ဆက်လက်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ပါဝင်ပတ်သက်သူများအား စနစ်တကျစိစစ်ဖော်ထုတ်ကာ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ယခုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာအရေးယူခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်အကယ်ဒမီဘောလုံးအသင်း မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ယူ-၁၅ အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံဆုဖလားဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၁




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ မျိုးဆက်သစ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပသည့် မြန်မာ့ဘောလုံးအကယ်ဒမီများပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းတွင်အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) လေ့ကျင့်ရေးကွင်း(၁)၌ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)ယူ-၁၅ အသင်းနှင့် တပ်မတော်အကယ်ဒမီဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ တပ်မတော်အကယ်ဒမီဘောလုံးအသင်းက ၃ဂိုး ၁ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိသွားသည်။

သူတို့နှစ်သင်းသည်အုပ်စုတစ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုတွင်းယှဉ်ပြိုင်မှုတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားကာ ယနေ့ဗိုလ်လုပွဲတွင် ထပ်မံဆုံတွေ့ကြခြင်းလည်းဖြစ်သည်။ ပွဲကစားချိန် ၆ မိနစ်တွင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) အသင်း၏နောက်တန်းခံစစ်အမှားကနေ တပ်မတော်အကယ်ဒမီဘောလုံးအသင်း တိုက်စစ်မှူးရဲထက်မြက်က ဦးဆောင်ဂိုးသွင်းယူသွားသည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)အသင်း ချေပဂိုးရရှိဘောလုံးပိုင်ဆိုင်မှုဖြင့်ပြိုင်ဘက်အသင်းကိုဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၁၁ မိနစ်တွင် တိုက်စစ်မှူးစိုင်းမင်းအောင်က ခေါင်းတိုက်သွင်းယူပြီး ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲကအကြိတ်အနယ်ရှိသည်။ ပထမပိုင်း ၄၅ မိနစ်ပြည့်ပြီး နာကျင်အချိန်ပို တစ်မိနစ်အရောက်၌ ပွဲအလှည့်အပြောင်းတစ်ခုအဖြစ် တန်ပြန်တိုက်စစ်မှတစ်ဆင့်ကောင်းထက်စံ၏ပေးပို့မှုမှ တိုက်စစ်မှူးရဲထက်မြက်က ဒုတိယဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် တပ်မတော်အကယ်ဒမီဘောလုံးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်း ပွဲကစားချိန် ၈၄ မိနစ်တွင် တန်ပြန်တိုက်စစ်ကတစ်ဆင့်ရရှိသည့် ထောင့်ကန်ဘောမှ တပ်မတော်အကယ်ဒမီဘောလုံးအသင်းက ချန်ပီယံသေချာသည့်ဂိုးကို ဇေယျာဖြိုးက ပိတ်သွင်းယူနိုင်ခဲ့၍ ၃ ဂိုး ၁ ဂိုးဖြင့် ပြိုင်ပွဲပြီးဆုံးခဲ့ပြီး တပ်မတော်အကယ်ဒမီဘောလုံးအသင်း ချန်ပီယံဆုဖလားဆွတ်ခူးသွားခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဓနိချပ်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဓနိချပ်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငပုတောမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဓနိချပ် ၈၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ဓနိချပ်တွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ဒေါ်နီနီဝင်းက ပြောသည်။

ငပုတောမြို့နယ်၌ ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက လုပ်ကိုင်ကြကြောင်း၊ ဓနိချပ်များဝယ်လိုအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၁)နဂါးရုံရပ်နေ အဘ ဦးခင်မောင်၏သမီး မငွေးမာလွင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၄၇၁၅၄ အရ ဒေါ်တင်တင်ငွေးဖြစ်ပါကြောင်း။
ဒေါ်တင်တင်ငွေး

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ရေစကြိုမြို့၊အ.ထ.က(၁)Grade-11 S$_2$(C)တွင်ပညာသင်ကြားနေသော မောင်အုပ်စိုးပိုင်၏ဖခင် ဦးထွန်းနိုင်ဦး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၁၉၅၅၃ အရ ဦးထွန်းလှိုင်ဦးဖြစ်ပါကြောင်း။
ဦးထွန်းလှိုင်ဦး

**ပျောက်ဆုံးကြောင်း**
ဇော်သူဟိန်း(ဘ)ဦးတင်လှိုင် ၈/ရစက(နိုင်)၂၅၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 227236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၈၅၆၁၃၆

**ပျောက်ဆုံးကြောင်း**
ဘန္တန္တပုပ္ဖယသ(ဘ)ဦးအောင်ရင် ၁၀/ရမန(သ)၀၀၃၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းမြိုင်(ဘ)ဦးမြင့်နိုင် ၇/တငန(နိုင်)၂၃၅၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မေသဒ္ဒါဦး(ဘ)ဦးကိုဦး ၁၂/စခန(နိုင်)၀၇၉၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 123509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နှင်းလဲ့ဝေ(ဘ)ဦးသက်ဆွေဝင်း ၁၄/မနဖ(နိုင်)၂၀၅၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သန်းသန်းနု(ဘ)ဦးစံမြင့် ၇/ပခန(နိုင်)၂၄၃၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၉၅၆၆၄

**ပျောက်ဆုံးကြောင်း**
ယွန်းထက်လွှာ(ဘ)ဦးအောင်မင်းလွင် ၅/မရန(နိုင်)၃၇၁၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 152743)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ဝေဖြိုးအောင်(ဘ)ဦးခင်မောင်မြ ၉/တကန(နိုင်)၁၈၄၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 054010)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
အောင်ခမ်း(ဘ)ဦးမောင်အောင်း ၂/လကန(နိုင်)၀၉၉၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 576655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ဖြူဖြူခိုင်(ဘ)ဦးသန်းအေး ၇/ပခန(နိုင်)၃၆၂၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၉၅၆၆၄

**ပျောက်ဆုံးကြောင်း**
အိနှင်းဝေ(ဘ)ဦးငွေဦး ၁၂/သခန(နိုင်)၁၇၆၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယုမာခိုင်(ဘ)ဦးသန်းဝင်း ၈/သရန(နိုင်)၀၈၈၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၂၁၂၉၆၉

**ပျောက်ဆုံးကြောင်း**
မောင်စံငွေး(ဘ)ဦးကျော်သန်း ၉/ရမသ(နိုင်)၁၂၈၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်နိုင်ဝင်း(ဘ)ဦးဝင်းနိုင် ၉/ညဥန(နိုင်)၂၃၅၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးလာဘ(ဘ)ဦးမြင့်မော် ၁၂/တမန(သ)၀၀၁၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်ထွေး(ဘ)ဦးတင်အောင် ၁၀/ပမန(နိုင်)၀၀၁၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၈၇၀၆၆၅

**ပျောက်ဆုံးကြောင်း**
ဦးခန္တီ(ဘ)ဦးမြသာ ၁၁/စတန(သ)၀၀၃၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ 180105)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၅၆၅၇၂၈

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့၊ သမင်ကွင်းအုပ်စုနေ ဦးရန်ဝင်းကျော်(ဘ)ဦးကျော်မြင့် ၇/ဖမန(နိုင်)၁၅၇၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ဝင်းသိန်းထွန်း(ဘ)ဦးသာအောင် ၈/မကန(နိုင်)၁၅၃၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စက်ခေါင်းရုံ(အင်းစိန်)ဝင်းအတွင်းရှိ မြန်မာ့မီးရထားပိုင် မြေကွက်အမှတ်(၁)၀.၆၂ဧကေ/၂,၅၀၉ စတုရန်းမီတာနှင့် ယင်းမြေပေါ်ရှိ Institute (၁)ထပ်အဆောက်အဦ ကြမ်းခင်းဧရိယာ ၆၁၃.၆၆ စတုရန်းမီတာမြေကွက်အမှတ်(၂)၁.၄၄ဧကေ/၅,၈၂၇.၄ စတုရန်းမီတာနှင့် ယင်းမြေပေါ်ရှိ RC(၂)ထပ်အဆောက်အဦ(၁)လုံး ကြမ်းခင်းဧရိယာ ၂,၂၄၁.၆၃ စတုရန်းမီတာတို့အား စာသင်ကျောင်း(Private School)လုပ်ကိုင်ခွင့်အတွက် ကုမ္ပဏီအဖွဲ့အစည်း/ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (၁-၆-၂၀၂၆ မှ ၃၁-၅-၂၀၃၁ ထိ)(၅)နှစ်သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ကို မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာ၊ စခန်းသာညွှန်ခန်းမဆောင်၌ (၂၇-၁-၂၀၂၆)ရက်နေ့ နေ့လယ်(၁၃:၀၀)နာရီအချိန်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများမှ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ၅၀,၀၀၀ ကျပ်နှုန်းဖြင့် မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာ(ပထမ)ထပ်တွင် (၁၂-၁-၂၀၂၆ မှ ၂၃-၁-၂၀၂၆ ထိ)ရုံးချိန်အတွင်း(ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ စီးပွားရေးဌာနခွဲရုံး(နေပြည်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၄၅၁၀၀၃၃/၄၅၁၀၀၉၉)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးဆပ်ကော်မတီ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
အေးခင်(ဘ)ဦးအောင်ထွန်းသာ ၁၁/သဘတ(နိုင်)၀၀၁၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မြတ်ဖုံ(ဘ)ဦးဘအေး ၁၁/ဘသတ(နိုင်)၀၁၇၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မျိုးသဇင်မြင့်(ဘ)ဦးမျိုးဝင်း ၁၂/အစန(နိုင်)၁၉၃၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချောလဲ့လဲ့ဝင်း(ဘ)ဦးထင်ကျော် ၁၀/မဒန(နိုင်)၂၄၁၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၆၉၁၅၂၄

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်လင်း(ဘ)ဦးကျော်လေး ၁၀/မလမ(နိုင်)၂၃၉၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

**ပျောက်ဆုံးကြောင်း**
မောင်နေဝင်း(ဘ)ဦးကျော်လှိုင် ၁၀/ပမန(နိုင်)၁၃၅၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၃၆၇၄၃၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်နေ မောင်ခိုင်လင်းထွန်း(ဘ)ဦးတင်အောင်ထွန်း ၇/ပခန(နိုင်)၂၆၁၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 230061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၈၁၂၃၄၇

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်နေ ချမ်းသူအောင်(ဘ)ဦးသက်နိုင် ၇/ပခန(နိုင်)၃၃၀၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 730655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၁၇၂၀၇၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ နှင်းသဉ္ဇာထွန်း(ဘ)ဦးသန်းထွန်း ၇/ပခန(နိုင်)၂၅၈၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံး ကြောင်း**
မြင့်မြင့်နွယ်(ဘ)ဦးဘဦး ၁၀/မလမ(နိုင်)၂၄၈၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၉၅၆၁၃၇

**ပျောက်ဆုံး ကြောင်း**
ထွန်းထွန်းအောင်(ဘ)ဦးခင်မောင်ကြည် ၁၀/မလမ(နိုင်)၂၇၀၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံး ကြောင်း**
ဖြိုးဝေသူ(ဘ)ဦးအောင်မြင့် ၁၂/အစန(နိုင်)၁၇၆၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON
YANGON YANGON


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
ISO 9001:2008 Cert. No.683099
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **သစ်တောသယံဇာတပေါ်ကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာမည်ဖြစ်...**

❖ **သစ်၊ ဝါး၊ ကြိမ် အစရှိသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့်နေရာများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ်အရွယ်များမှစတင်၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့်လက်တွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှု

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ▼**



မိုင်းရယ်မြို့၊ မန်ဖြတ်ကျေးရွာအနီးသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကိုတွေ့ရစဉ်။

## ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| နေ့ရက် | အချိန် | စက်မှုအတတ်ပညာ | | | စိုက်ပျိုးရေး | မွေးမြူရေး |
|---|---|---|---|---|---|---|
| | | အဆောက်အဦ | လျှပ်စစ် | စက်ပစ္စည်း | | |
| ၁၁-၃-၂၀၂၆ (ဗုဒ္ဓဟူးနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ | မြန်မာစာ | မြန်မာစာ | မြန်မာစာ | မြန်မာစာ |
| ၁၂-၃-၂၀၂၆ (ကြာသပတေးနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ | အင်္ဂလိပ်စာ | အင်္ဂလိပ်စာ | သီးနှံထုတ်လုပ်ရေး (၁) | ကြက်မွေးမြူထုတ်လုပ်ရေး |
| ၁၃-၃-၂၀၂၆ (သောကြာနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ | သင်္ချာ | သင်္ချာ | သီးနှံထုတ်လုပ်ရေး (၂) | ဝက်မွေးမြူထုတ်လုပ်ရေး |
| ၁၄-၃-၂၀၂၆ (စနေနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ပေါင်းစပ်သိပ္ပံ | ပေါင်းစပ်သိပ္ပံ | ပေါင်းစပ်သိပ္ပံ | သီးနှံထုတ်လုပ်ရေး (၃) | - |
| ၁၆-၃-၂၀၂၆ (တနင်္လာနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြေတိုင်းပညာ | လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ | ဂဟေဆက် နည်းပညာ | သီးနှံကာကွယ်ရေး | ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး |
| ၁၇-၃-၂၀၂၆ (အင်္ဂါနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း | စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာ ထိန်းချုပ်မှု | စက်ခုတ်စားမှု နည်းပညာ | လူမှုရေးသိပ္ပံ | စာမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေး |
| ၁၈-၃-၂၀၂၆ (ဗုဒ္ဓဟူးနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြို့ပြပုံဆွဲ | အခြေခံပရိုဂရမ် မိတ်ဆက် | စက်မှုပုံဆွဲ | - | - |
| | (၁၃)နာရီအထိ | | - | | | |

**PDF အမည်ခံအကြမ်းဖက်သမားများက ဆင်ဖြူကျွန်းမြို့၊ နွယ်တမယ်ကျေးရွာရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများဆောင်ရွက်**

စာ - ၂၂ သို့

### သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများအတွက်အထောက်အကူပြုစေရန် သမိုင်းဘာသာရပ် ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၂၅၊ ၂၆) တွင်ဖော်ပြထားပါသည်။

